# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၈) ၊ အမှတ်(၂၃၁)၊ ၁၃၈၇ ခုနှစ် ၊ ဝါခေါင်လဆန်း ၂ ရက် ၊ ၂၆–၇–၂၀၂၅၊ စနေနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

ရတနာသုံးပါးတည်းဟူသော ဤကိုးကွယ်ရာသည် သာလျှင် ဘေးကင်းစေနိုင်သော ကိုးကွယ်ရာ၊ မြတ်သော ကိုးကွယ်ရာမည်၏။ ဤရတနာသုံးပါးကို ဆည်းကပ်ကိုးကွယ်သည့်အတွက် ဆင်းရဲအားလုံးမှ လွတ်၏။

(ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပ နိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာ အောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ် လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်း ငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှု ရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

# တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်းတွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများ စနစ်တကျ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၂၅

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တက်ရောက်အမှာစကား ပြောကြားသည်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီအစည်းအဝေး (၁/ ၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒေါက်တာကံဇော်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဦးထွန်းအုံနှင့် ဒေါက်တာမျိုးသိန်းကျော်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဝင်များနှင့် အသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယ ဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က

စာမျက်နှာ ၃ သို့ ☆

**ယနေ့ ဖတ်စရာ အညွှန်း**


ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

စာမျက်နှာ ၂

— — — — — —

ရိုဒရီအား စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

စာမျက်နှာ ၁၁

— — — — — —

သက်ရှည်ကျန်းမာ နုပျိုနေဆဲဖြစ်သည့် မန္တလေးက မြို့မတူရိယာအသင်း(ဆောင်းပါး)

စာမျက်နှာ ၁၄


## မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၂၅

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်း ပြည့် ဖြစ်ပါသည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**လာမည့် စနေ၊ တနင်္ဂနွေအားလပ်ရက်များအတွက်** မိုးလေဝသ ခန့်မှန်းချက်မှာ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြားနှင့် မန္တလေးတိုင်းဒေသကြီးတွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။

မိုး/ဇလ

၂၀၂၅ ခုနှစ် ၊ ဇူလိုင် ၂၆ ရက်၊ စနေနေ့။

# မေတ္တာတရားပွားရမည့် ဝါခေါင်လ

မြန်မာ့ဆယ့်နှစ်လရာသီတွင် ဝါခေါင်လသည် ပဥ္စမမြောက်လဖြစ်သည်။ ဝါခေါင်လကို ရှေးက နံကာလဟု ခေါ်သည်။ ဝါကပ်ခြင်း၏အလယ်လဟု အဓိပ္ပာယ်ရသည်။ ရဟန်းသံဃာတော်များ ကျောင်းတိုက်များ၌ သီတင်းသုံးသည်(ဝါ)ဝါဆိုသည်မှာ မိုးဥတုဖြစ်သည်။ တောင်သူလယ်သမားများ အားသွန်ခွန်စိုက် လယ်ထဲဆင်းချိန်ဖြစ်သဖြင့်လည်း လယ်လုပ်ချိန် လယ်ထွန်ချိန်လဟု အဓိပ္ပာယ်ဖွင့်ကြသေးသည်။ ဝါခေါင်လ၏ အဓိပ္ပာယ်မှာ ဝါဝေးသောလ၊ ရဟန်းသံဃာများ ဝါမဆို၊ ဝါမကပ်သောလဟု ဝေါဟာရလီနတ္ထဒီပနီတွင် ဖွင့်ဆိုထားပြန်သည်။ ဤလတွင် သရဝဏ်နက္ခတ်ထွန်းသည်။ ဓနသိဒ္ဓိနက္ခတ်ဟုလည်း ခေါ်သည်။ တာရာမှာ ဖျိုင်းတာရာဖြစ်သည်။ ရာသီရုပ်မှာ ခြသေ့ရုပ်ဖြစ်၏။ ရာသီပန်းမှာ "ခတ္တာငုံ ပန်းနှစ်ဆင့်ငယ်နှင့် လှမ်းလင့်လို့ ရှာအဝင်" ဟု လယ်သူမများအလုကို စာဆိုဦးကြီးက ဖွဲ့ဆိုထားသော ကဗျာလာ ခတ္တာပန်းဖြစ်သည်။ ရာသီပွဲတော်ကား "သင်္ကြန်တာကူး နှစ်ဦးညောင်ရေ စာပုလွေခင်း ပဥ္စင်းတော်ခံ စာရေးတံ"ဟု ဖွဲ့သော စာရေးတံမဲနှင့် ဆွမ်းလောင်းပွဲဖြစ်သည်။

မြတ်စွာဘုရားရှင် လက်ထက်ကပင် အိန္ဒိယနိုင်ငံမှ စတင်ပေါ်ပေါက်ခဲ့သော အလှူလည်းဖြစ်သည်။ ဘုရားရှင်၏ ခွင့်ပြုချက်အရ ဆွမ်း၊ ကွမ်းစီစဉ်သူ ရဟန်းတစ်ပါးကို ရွေးချယ်တင်မြှောက်ကြရသည်။ ဆွမ်းညွှန်းရဟန်းသည် စာရေးတံဆွမ်းကိစ္စကို ဆောင်ရွက်ရာ၌ ဒကာ၏ စာရေးတံဆွမ်းအမည် ရေးထားသော သစ်သားနှစ်ဖြင့် ပြုလုပ်ထားသည့် အတံကိုဖြစ်စေ၊ ဝါးခြမ်းပြား၊ နီးပြား၊ ထန်းရွက်၊ ပေရွက် စသည်တို့ကိုဖြစ်စေ မဲအဖြစ် အသုံးပြုရသည်။ ထိုစာရေးတံမဲများကို ခြင်းတောင်း၌လည်းကောင်း၊ သင်္ကန်းလိပ်၍လည်းကောင်း ထည့်မွှေပြီး စာရေးတံမဲနှိုက်ယူရသည်။ စာရေးတံမဲကျပြီးသော ရဟန်းသံဃာတို့သည် စာရေးတံမဲကျသည့်အိမ်သို့ ဒကာ၏ ပင့်လျှောက်ချက်အရ အသီးသီး ဆွမ်းစားကြွရသည်။

ဝါခေါင်လ၏ ထူးခြားချက်မှာ မြတ်စွာဘုရားရှင်သည် မေတ္တာသုတ်တော်ကို ဟောကြားခဲ့ခြင်းဖြစ်သည်။ အေးမြကြည်လင်သော မေတ္တာတရား၏ အနှစ်သာရကို ဝါခေါင်လတွင် စာတင်ဟောကြားခဲ့သောကြောင့် ဝါခေါင်လသည် ဗုဒ္ဓဘာသာဝင်တို့၏ ထူးခြားသောလဖြစ်သည်။ ဝါခေါင်လသည် မေတ္တာမိုးရေဖြိုးစွေသောလလည်း ဖြစ်သည်။ "အမျှတဲ့ သုံးကြိမ်ဝေ၊ သွန်းတဲ့ ညောင်ရေ၊ မာပါစေ ကမ္ဘာသား။ အောက်ထက်နံလျား"ဆိုသည့်အတိုင်း မေတ္တာပွားသောလလည်း ဖြစ်သည်။ ဝါခေါင်လသည် ထူးခြားမှုများရှိ၍ ဝါခေါင်လပြည့်နေ့ကို မေတ္တာအခါတော်နေ့ဟု ဗုဒ္ဓဘာသာဝင်တို့က ဝိသေသပြုခြင်းလည်းဖြစ်သည်။ လများ၏ တန်ဆောင် ဝါခေါင်လသည် ဘာသာ၊ သာသနာကို အထောက်အပံ့ပြုပေးသော လလည်းဖြစ်ပြန်သည်။

မေတ္တာဖြင့် ဖွဲ့နှောင်သည့် လောက က ငြိမ်းအေးသည်၊ ချမ်းသာသည်။ တစ်ဦးအပေါ်တစ်ဦး အပြန်အလှန် မေတ္တာထားနိုင်ကြသည်နှင့်အမျှ အပြန်အလှန် အကျိုးလိုလားကြသည်နှင့်အမျှ လောကကြီးမှာလည်း ငြိမ်းချမ်းသာယာမည်။ လူတိုင်းလူတိုင်း မေတ္တာတရားပွားများနိုင်ကြရန်၊ မြင့်မြတ်သည့် ကျင့်စဉ်ဖြစ်သော မေတ္တာဘာဝနာအကျင့်ကို ကျင့်သုံးနိုင်ကြရန် လိုသည်။ မေတ္တာတရားပွားများရာတွင် အနန္တစကြဝဠာနှင့် အနန္တသတ္တဝါတို့ကို အာရုံပြု၍ အပိုင်းအခြားမရှိ ပွားများကြရခြင်းဖြစ်သည်။

သို့ဖြစ်ရာ ဝါခေါင်လ၏ ယဉ်ကျေးမှုအစဉ်အလာများကို ထိန်းသိမ်းပြီး တစ်ဦးအပေါ်တစ်ဦး မေတ္တာတရားပွားများကြရမည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်မဂ္ဂဇင်းထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး ဇူလိုင် ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၃၃)နှစ်မြောက် နှစ်ပတ်လည်မဂ္ဂဇင်း ထုတ်ဝေနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ (၈)ထပ်ဆောင် အစည်းအဝေးခန်းမတွင် ကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန ဌာနမှူး ဦးတင်ထွန်းဦးက မဂ္ဂဇင်းထုတ်ဝေရေးနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တက်ရောက်လာသော စာရေးဆရာ၊ ဆရာမများက မဂ္ဂဇင်းနှင့်ပတ်သက်သည်များကို ဆွေးနွေးပြောကြားကြသည်။

အဆိုပါအစည်းအဝေးတွင် မန္တလေးမြို့ပေါ်ရှိ စာရေးဆရာအသင်းများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့်အမှုဆောင်များ တက်ရောက်ခဲ့ကြပြီး မဂ္ဂဇင်းနှင့်ပတ်သက်၍ စာမူပေးပို့ခြင်း၊ စာမူရေးသားခြင်း၊ ရေးသားမည့်စာမူအကြောင်းအရာများကို ဆွေးနွေးခြင်း၊ မဂ္ဂဇင်းမျက်နှာဖုံးအသုံးပြုရာတွင် ခေတ်နှင့်လျော်ညီသော အပြင်အဆင်များကို အများဆုံး အသုံးပြုသင့်ကြောင်း အကြံပြုဆွေးနွေးခြင်းများနှင့် အခြားသော အကြောင်းအရာများကို ဆွေးနွေးခဲ့ကြသည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည် မဂ္ဂဇင်းတွင် ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စည်ပင်နှင့်ဆက်သွယ်ဆောင်ရွက်ရာ၌ မြို့တော်နေလူထု သိသင့်သိထိုက်သော အချက်အလက်များကို မြို့နေပြည်သူလူထုအား ဖော်ပြပေးခြင်းအပြင် သုတရသစာပေများနှင့် အခြားသော ဗဟုသုတများကို ထည့်သွင်းဖော်ပြထုတ်ဝေသွားမည်ဖြစ်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်-၈)**

# ပြည်သူများအား အခြေခံစားသောက်ကုန်များကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရောင်းချပေးလျက်ရှိ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ စီစဉ်ကြီးကြပ်မှုဖြင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စားသုံးသူရေးရာဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စက်လုပ်ငန်းရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်များနှင့် ဆီလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်း၍ ဆန်၊ ဆီ၊ ကြက်ဥ၊ ဘဲဥ၊ ငါးများကို အထူးသက်သာသော ဈေးနှုန်းဖြင့် ရုံးဖွင့်ရက်များတွင် မြို့နယ်အလိုက် ရောင်းချပေးလျက်ရှိရာ ယနေ့ နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ရွှေလုံရပ်ကွက်၊ ၂၇လမ်း၊ ၇၁လမ်းနှင့် ၇၂လမ်းကြားနှင့် ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျိကုန်းရပ်ကွက်၊ ၇၂လမ်း နှင့် မင်္ဂလာပန်းခြံလမ်းထောင့်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တို့တွင် ရောင်းချပေးခဲ့သည်။

သက်သာဈေးရောင်းချမည့် အစီအစဉ်ကို ဇူလိုင် ၂၆ ရက်တွင် မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ လမ်း၈၀၊ ၃၉လမ်းနှင့် လမ်း၄၀ကြားနှင့် အမရပူရမြို့နယ်၊ ရွှေကြက်ယက်ကျေးရွာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် ရောင်းချပေးသွားမည်ဖြစ်သည်။



ထိုသို့ တိုက်ရိုက်ရောင်းချနေမှုအစီအစဉ်ကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ စီးပွားရေးရာဝန်ကြီး ဦးသိန်းဌွေးနှင့် တာဝန်ရှိသူများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဈေးနှင့်သားသတ်ဌာန ဌာနမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်၍ ပြည်သူများ အဆင်ပြေစွာ ဝယ်ယူရရှိနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(ဓါတ်ပုံ)

(မန္တလေးနေ့စဉ်-၆)

# ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရွှေဝါလမ်းကွန်ကရစ်ခင်းရန်မြေသားပြုပြင်ဆောင်ရွက်

**နတ်မောက် ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ရွှေဝါလမ်းကွန်ကရစ်ခင်းရန် မြေသားပြုပြင်ဆောင်ရွက်ခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးခဲ့ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံအင်ဂျင်နီယာနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ကော်မတီဝင်တို့က ကြီးကြပ်၍ လုပ်ငန်းများဆောင်ရွက်ခဲ့ရာ ရွှေဝါလမ်းအရှည် (၁၅၄ ဒသမ ၆)မီတာလမ်းအား ကွန်ကရစ်လမ်းပြီးစီးပါက ဒေသခံပြည်သူများ ရာသီမရွေး ဝင်ထွက်သွားလာလွယ်ကူ၍ မိုးတွင်းကာလ၌ ဗွက်ထူခြင်း၊ ရေဝပ်ခြင်း စသည့်အခက်အခဲများမှ ကင်းဝေးစေကာ စိတ်ချမ်းမြေ့စွာ သွားလာနိုင်မည်ဖြစ်သည်။ **(အောက်ပုံ) ဦးလှဝင်း**



## သတင်းများ Online မှတစ်ဆင့် ပေးပို့နိုင်

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ပေးပို့လျက်ရှိသော သတင်းများအား mdydailynewspaper@gmail. com မှ တစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။ **(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက်
ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊
အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com
ကြော်ငြာဌာန
ဖုန်း/Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

ရှေ့ဖုံးမှ

အမှာစကားပြောကြားရာတွင် MSME လုပ်ငန်း ကော်မတီအစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ငါးကြိမ်ရှိခဲ့ပြီး သက်ဆိုင်ရာကဏ္ဍအလိုက် အရေးပါသည့် ဆုံးဖြတ်ချက်များ ချမှတ်၍ သက်ဆိုင်ရာ ဝန်ကြီးဌာန/အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာ အစိုးရအဖွဲ့များနှင့် အေဂျင်စီများ ချိတ်ဆက်ညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုအစည်း အဝေးတွင် နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်မှာကြားချက်ပါ MSME လုပ်ငန်း များ ပိုမိုစနစ်ကျပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရန်အတွက် လိုအပ်သည်များ ကို ဆွေးနွေးရန်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ ၏အဓိကစီးပွားရေးမှာစိုက်ပျိုးမွေးမြူရေး လုပ်ငန်းဖြစ်ကြောင်း၊ အဆိုပါကဏ္ဍမှ တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်ပြီး ပြည်ပသို့တင်ပို့နိုင်ရေး၊ စိုက်ပျိုးရေးပိုင်း တွင် ပန်းတိုင်ရည်မှန်းချက်ပြည့်မီရေး အတွက် သက်ဆိုင်ရာဌာနအလိုက် ပညာရှင်များက သုတေသနလုပ်ငန်းများ ကို စနစ်တကျ ဆက်လက်ဆောင်ရွက် သွားရန်ဖြစ်ကြောင်း၊ မွေးမြူရေးပိုင်းတွင် လည်း အသား၊ ငါး၊ ဥ၊ နို့နှင့် နို့ထွက်ပစ္စည်း များ သတ်မှတ်အရည်အသွေးပြည့်မီစေ ရေးအတွက် အစာ၊ ဆေး၊ ကုသမှု၊ ပြုစုမှု အပိုင်းများတွင် သုတေသနလုပ်ငန်းများ ကြပ်မတ်လုပ်ဆောင်သွားရန်လိုကြောင်း။

ထိုသို့ဆောင်ရွက်ရာ၌ နိုင်ငံတော်က ပံ့ပိုးပေးရမည့်အပိုင်းတွင် နိုင်ငံတော် ကိုယ်စား မိမိတို့ လုပ်ငန်းကော်မတီ အပါအဝင် သက်ဆိုင်ရာ MSME လုပ်ငန်း အဖွဲ့ဝင်များက နိုင်ငံတော်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် တစ်ဖက် တစ်လမ်းမှ အထောက်အကူပြုနေကြ သည့် MSME လုပ်ငန်းရှင်များ၏ လိုအပ် ချက်များကို ပံ့ပိုးကူညီပေးပြီး ချိတ်ဆက် ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းရှင်များ လိုအပ်သည့် နည်းပညာ၊ လူသားအရင်းအမြစ်များ လုံလောက်စွာ ရရှိရေးအတွက် နည်းပညာများ အသိပညာ ပေးရေးနှင့်ပြန့်ပွားရေးတို့ကို သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပူးပေါင်းဆောင်ရွက် ပေးသွားရမည်ဖြစ်ကြောင်း၊ ထို့ပြင် ငွေကြေးအရင်းအနှီးများ စိစစ်ပံ့ပိုးပေး နိုင်ရေးနှင့် အခြားလိုအပ်ချက်ဖြစ်သည့် ပြည်ပဈေးကွက်ကို ချိတ်ဆက်ပေးပြီး ဈေးကွက်ခိုင်မာစွာရရှိရေး ဆောင်ရွက် ပေးရမည့်တာဝန်မှာ မိမိတို့၏တာဝန်ဖြစ် ကြောင်း၊ တစ်ဖက်ကလည်း လုပ်ငန်းရှင် များအနေဖြင့် မိမိတို့လုပ်ငန်းများ ဖွံ့ဖြိုး တိုးတက်ရန်အတွက် လိုအပ်သည့် နည်းပညာနှင့် လူသားအရင်းအမြစ်များကို စက်မှုဝန်ကြီးဌာနနှင့် အေဂျင်စီများ ပူးပေါင်း၍ ဖွင့်လှစ်သင်ကြားပေးနေသည့် နည်းပညာဆိုင်ရာ သင်တန်းများနှင့် ဆွေးနွေးပွဲများမှ ရယူရမည်ဖြစ်ကြောင်း၊ ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနများ အလိုက် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည့် သင်တန်းများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်သားများကို ကျွမ်းကျင်လုပ်သားများ နှင့် နည်းပညာရလုပ်သားများဖြစ်စေရန် လေ့ကျင့်သင်ကြားပေးကြရမည်ဖြစ် ကြောင်း၊ နိုင်ငံတော်အနေဖြင့် အနာဂတ် တွင် လုပ်ငန်းများနှင့် ပတ်သက်၍ ထဲထဲဝင်ဝင်သိရှိပြီး မိမိကိုယ်ကို ရေရှည် ရပ်တည်နိုင်ရန်အတွက် KG+9 အောင်မြင် ပြီးသူများကို စက်မှု၊ စိုက်ပျိုးရေးနှင့် မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်ကာ သင်ကြားပေးလျက်ရှိကြောင်း၊ ယင်းအပိုင်းကို အစိုးရပိုင်းနှင့် လုပ်ငန်းရှင် များက နှစ်ဦးနှစ်ဖက် ဟန်ချက်ညီညီဖြင့် လုပ်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ ငွေကြေးအရင်းအနှီးကိစ္စနှင့်ပတ်သက်၍ နိုင်ငံအတွင်းရှိ လုပ်ငန်းရှင်များအနေဖြင့် လုပ်ထုံးလုပ်နည်းများ၊ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့်အညီ MSME ချေးငွေများရယူရန်လိုကြောင်း၊ သဘာဝ ဘေးအန္တရာယ်များကြောင့် ထိခိုက်ပျက်စီး သွားသည့် လုပ်ငန်းရှင်များအနေဖြင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ လုပ်ဆောင်ရန် ငွေကြေးအရင်းအနှီး လိုအပ်ကြောင်း၊ ချေးငွေများထုတ်ချေးရန် အတွက် ချေးငွေစည်းမျဉ်းစည်းကမ်းများ၊ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများအရ ကန့်သတ်ချက်များရှိကြောင်း၊ အဆိုပါ ကန့်သတ်ချက်များအနက်မှ ဖြေလျှော့ ပေးသင့်သည်များကို ဖြေလျှော့ပြီး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေ အဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက် ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက် လျက်ရှိကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ်က MSME ချေးငွေထုတ်ချေးရာတွင်ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသည့် လုပ်ငန်းရှင်များအား ထုတ်ချေးပေးရန် လမ်းညွှန်ထားကြောင်း၊ ပုဂ္ဂလိကဘဏ် များသည် MSME ချေးငွေလုပ်ငန်းများ လုပ်ဆောင်ရာတွင် သီးခြားဖြစ်နေရာမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်း ပေးမှုများကြောင့် ယခုအခါ ပုဂ္ဂလိက ဘဏ် ၁၈ ဘဏ်က MSME ချေးငွေများ ဆောင်ရွက်ပေးသွားမည်ကို လုပ်ငန်းရှင် များအား အသိပေးပြောကြားလိုကြောင်း၊ အာမခံလုပ်ငန်းတွင် မူလသတ်မှတ်ချက် အဖြစ် မြန်မာငွေကျပ် သန်း ၂၀ ခွင့်ပြုထား ရာမှ ယခုအခါ ညှိနှိုင်းဆွေးနွေးမှုများအရ သန်း ၅၀ ချေးနိုင်ရန်အတွက် SOP ရေးဆွဲ လျက်ရှိပြီး အာမခံကုမ္ပဏီများက ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း၊ ယင်းသည် နိုင်ငံစီးပွား ဖွံ့ဖြိုးတိုးတက်ရန် အတွက် တစ်စိတ်တစ်ပိုင်းမှ ပါဝင်ပြီး လုပ်ငန်းရှင်များ၏ လုပ်ငန်းများ ယခုထက် ပိုမိုဖွံ့ဖြိုးတိုးတက်ရန်အတွက် ပုဂ္ဂလိက ဘဏ်လုပ်ငန်းရှင်များက နိုင်ငံ့အကျိုးရှေးရှု လျက် ပူးပေါင်းပါဝင်ခြင်းဖြစ်ကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ရရှိလာ သည့်ချေးငွေများကို အကျိုးရှိရှိဖြင့် မိမိတို့ ၏ MSME လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရန် အတွက် မဖြစ်မနေ လုပ်ဆောင်သွားရမည် ဖြစ်ကြောင်း၊ ထို့ပြင် မိမိထုတ်ကုန်များကို ပြည်တွင်းအတွက်သာမက ပြည်ပ အတွက်ပါ ရည်ရွယ်၍ ကြိုးစားထုတ်လုပ် သွားရမည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ် သွားနိုင်ရေး ပြည်နယ်နှင့် တိုင်းဒေသကြီး များတွင်ရှိသည့် အေဂျင်စီများက လုပ်ငန်း ရှင်များကို အသိပညာပေး၍ တွန်းအားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ယနေ့ ခေတ်သည် ဒစ်ဂျစ်တယ်ခေတ်ဖြစ်သည့် အတွက် အွန်လိုင်းစနစ်ဖြင့် အရောင်း အဝယ်များ ပြုလုပ်လျက်ရှိကြောင်း၊ ထို့ကြောင့် လုပ်ငန်းရှင်များက မိမိတို့၏ ထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်သည့် အရည်အသွေးမီ တန်ဖိုးမြှင့်ထုတ်ကုန် အဖြစ် ထုတ်လုပ်ပြီး ဈေးကွက်ချိတ်ဆက် ရမည်ဖြစ်ကြောင်း၊ ထိုသို့ ပြည်ပနှင့် ဈေးကွက်ချိတ်ဆက်ပေးနိုင်ရေး မိမိတို့ လုပ်ငန်းကော်မတီနှင့် အေဂျင်စီများက ကူညီဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ယခင်ကျင်းပခဲ့သည့် MSME ပြပွဲနှင့် ပြိုင်ပွဲ များတွင်လည်း One Stop Service ဖြင့် ပြည်ပပို့ကုန်တင်ပို့လိုသည့် လုပ်ငန်းရှင်များ ကိုမိမိတို့၏ စီးပွားရေးသံမှူးများမှတစ်ဆင့် ချိတ်ဆက် ဆောင်ရွက်ပေးခဲ့ကြောင်း၊ ချိတ်ဆက်မှုအရ ပို့ကုန်ပေးပို့မှုအပေါ် နိုင်ငံတကာကုမ္ပဏီများနှင့် လုပ်ငန်းကိစ္စ ဘဏ်များနှင့် ချိတ်ဆက်ရသည့်ကိစ္စရပ် များ၌ Interact ဝန်ဆောင်မှုနှင့် ဒစ်ဂျစ် တယ်နည်းပညာရပ်များ၊ စီးပွားရေးဆိုင်ရာ အသုံးချရယူရမည့် နည်းပညာပိုင်းများကို မဖြစ်မနေ ကျွမ်းကျင်စွာ တတ်မြောက် အသုံးပြုတတ်ရန် လိုအပ်ပါကြောင်း။

လုပ်ငန်းရှင်များအနေဖြင့် ကျွမ်းကျင် လုပ်သားများဖြင့် စံချိန်စံညွှန်းမီထုတ်ကုန် များ ထုတ်လုပ်နိုင်ရေး ပညာရှင်များဖြင့် နည်းပညာများကို သင်ကြားပေးသွား ရမည်ဖြစ်ကြောင်း၊ နည်းပညာများကို အသိပညာပေး သင်ကြားသူများအနေဖြင့် လည်း အလွယ်တကူ သိလွယ်၊ တတ်လွယ် သည့် သင်ကြားမှုအပိုင်းများနှင့် ဆွေးနွေး မှုအပိုင်းများဖြင့် သင်ကြားဆွေးနွေး ပေးရန် လိုအပ်ကြောင်း၊ လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကအရေးပါသည့်အချက်မှာ ကျွမ်းကျင် လုပ်သားများ မွေးထုတ်ပေးနိုင်ရန်ဖြစ်ပြီး သက်ဆိုင်ရာ ဝန်ကြီးဌာနများကလည်း သင်တန်းများဖွင့်လှစ်၍ လုပ်ငန်းရှင်များ နှင့် လုပ်သားများအား နည်းပညာများ၊ စီမံခန့်ခွဲမှုပိုင်းနှင့် ဈေးကွက်ရရှိမှုဆိုင်ရာ စွမ်းရည်များတိုးတက်လာစေရန် သင်တန်း အမျိုးအစား ၄၄ မျိုးကို ဖွင့်လှစ်သင်ကြား လျက်ရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန Website များတွင် ဝင်ရောက်လေ့လာနိုင် ကြောင်း၊ သင်တန်းအကြိမ်အရေအတွက် စုစုပေါင်း ၇၂၇၃ ကြိမ် ဖွင့်လှစ်ခဲ့ရာ သင်တန်းသားစုစုပေါင်း ၁၅၀၈၁၉ ဦး တက်ရောက်ခဲ့ကြောင်း၊ အဆိုပါသင်တန်း များအပြင် MSME ကဏ္ဍ၌ လိုအပ်သည့် စွမ်းရည်များ တိုးတက်လာစေရန် ယခုထက် ပိုမိုတိုးတက်ဆောင်ရွက်သွား ကြရန် ပြောကြားလိုကြောင်း၊ နိုင်ငံအတွင်း ရှိသည့် MSME လုပ်ငန်းများနှင့် မှတ်ပုံတင် လုပ်ငန်းများအရေအတွက်ကို ကြည့်မည် ဆိုပါက လျော့နည်းနေသည့်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြပ်မတ် ဆောင်ရွက်ကြရန်လိုကြောင်း။

မန္တလေးငလျင်ကြီးကြောင့် ထိခိုက် ပျက်စီးခဲ့သည့် နေပြည်တော်ကောင်စီ နယ်မြေ၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသ ကြီး အရှေ့ခြမ်းတို့မှ MSME လုပ်ငန်းများ၊ MSME နှင့် ဆက်စပ်သည့် စက်ရုံ၊ အလုပ် ရုံများ၊ သီးခြားပုဂ္ဂလိက စက်မှုလုပ်ငန်း များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ပျက်စီးမှုအမျိုး အစား တစ်ခုချင်းအလိုက် အသေးစိတ် စာရင်းပြုစု၍ နိုင်ငံတော်အကြီးအကဲထံ

စာမျက်နှာ ၄ သို့ »»



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ခင်းကျင်းပြသထားသည့် နေပြည်တော်ကောင်စီနယ်မြေမှ ထုတ်လုပ်လျက်ရှိသည့် ဒေသထွက် MSME ထုတ်ကုန်များနှင့် ပြည်ပသို့ တင်ပို့လျက်ရှိသည့် တန်ဖိုးမြှင့် MSME ထုတ်ကုန်များကို ကြည့်ရှုအားပေးစဉ်။

- ❖ MSME ချေးငွေအဖြစ် ငွေကျပ် ဘီလီယံ ၁၇၀ အနက်မှ ဘီလီယံ ၁၅၀ ကို MSME ချေးငွေအဖြစ် ထုတ်ချေးပေးလျက်ရှိပြီး ဘီလီယံ ၂၀ ကို MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အသုံးပြုဆောင်ရွက်လျက်ရှိ
- ❖ နိုင်ငံတော်ဝန်ကြီးချုပ်က MSME ချေးငွေထုတ်ချေးရာတွင် ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းနှင့် ကိုက်ညီသည့် လုပ်ငန်းရှင်များအား ထုတ်ချေးပေးရန် လမ်းညွှန်ထား
- ❖ ပုဂ္ဂလိကဘဏ်များသည် MSME ချေးငွေလုပ်ငန်းများ လုပ်ဆောင်ရာတွင် သီးခြားဖြစ်နေရာမှ ရန်ပုံငွေစီမံခန့်ခွဲမှုကော်မတီ၏ ညှိနှိုင်းပေးမှုများကြောင့် ယခုအခါ ပုဂ္ဂလိကဘဏ် ၁၈ ဘဏ်က MSME ချေးငွေများ ဆောင်ရွက်ပေး သွားမည်ကို လုပ်ငန်းရှင်များအား အသိပေးပြောကြား

»»» စာမျက်နှာ ၃ မှ

တင်ပြရာ ချက်ချင်းချေးငွေထုတ်ပေးရန် သဘောတူခဲ့ကြောင်း၊ ထိုသို့ ချေးငွေထုတ်ပေးရာတွင် အပိုင်းနှစ်ပိုင်းရှိကြောင်း၊ ပထမအပိုင်းအနေဖြင့် MSME ချေးငွေအဖြစ် ငွေကျပ်ဘီလီယံ ၁၅၀ ဖြစ်ကြောင်း၊ ဒုတိယပိုင်းအနေဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေတို့မှ ငွေကျပ်ဘီလီယံ ၅၀၀ အပါအဝင် ဗဟိုဘဏ်မှ ဘီလီယံ ၂၀၀ တို့ပါဝင်သည့် မြေငလျင်ပြန်လည်ထူထောင်ရေး ရန်ပုံငွေတို့ဖြစ်ပြီး SOP ရေးဆွဲလျက်ရှိကြောင်း၊ ငလျင်ဘေးကြောင့် ပျက်စီးသွားခဲ့သည့် MSME လုပ်ငန်းများ၏ စိန်ခေါ်မှုမှာ ချေးငွေနှင့်ပတ်သက်၍ မူလချေးငွေများကို အချို့က အချိုးကျပြန်ဆပ်သည်များရှိပြီး အချို့က ပြန်မဆပ်နိုင်သည်များ ရှိသည့်အပြင် အချို့လုပ်ငန်းရှင်များက နေရာစုံမှ ငွေကြေးချေးငှားမှုများ ရှိနေမှုအပေါ် စိစစ်ရသည်များလည်း ရှိပါကြောင်း၊ မည်သို့ပင်ဆိုစေကာမူ လုပ်ငန်းရှင်များအနေဖြင့် အရင်းအနှီး ပြန်လည်ထူထောင်ရေးကိစ္စတွင် အခက်အခဲများရှိပါက အေဂျင်စီများမှတစ်ဆင့် လုပ်ငန်းကော်မတီသို့ တင်ပြစေလိုကြောင်း၊ နိုင်ငံတော်ဝန်ကြီးချုပ် လမ်းညွှန်ထားသည့် မိမိလုပ်ငန်းနှင့် ဒေသမှထွက်သည့် ကုန်ကြမ်းကို အခြေခံပြီး တန်ဖိုးမြင့်ကုန်ချောများ ထုတ်လုပ်နိုင်ရန်နှင့် ပြည်တွင်းသုံးစွဲမှုမှတစ်ဆင့် ပြည်ပသို့ အရည်အသွေးမြင့်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်သည်အထိ ရည်ရွယ်ပြီး ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အမျိုးသားရေးရည်မှန်းချက်(၂) ရပ်ဖြစ်သည့် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"တို့ကို စီးပွားရေး ဦးတည်ချက်များနှင့် ချိတ်ဆက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ MSME စီးပွားရေးလုပ်ငန်းများကို ပြည်တွင်းထုတ်ကုန်အားပေးမြှင့်တင်ရေး၊ သွင်းကုန်အစားထိုးရေးနှင့် အမယ်သစ်ပို့ကုန်ရရှိရေးဟူသည့် ရည်ရွယ်ချက်များဖြင့် အလေးပေးဆောင်ရွက်ရန်နှင့် MSME လုပ်ငန်းများ ပိုမိုအားပေးမြှင့်တင်နိုင်ရန်အတွက် မူဝါဒပိုင်းဆိုင်ရာများ၊ နည်းပညာပိုင်းဆိုင်ရာများနှင့် ငွေကြေးအရင်းအနှီးများ ပံ့ပိုးဆောင်ရွက်ပေးပြီး စီးပွားရေးဝန်းကျင်ကောင်းများ ဖန်တီးပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၏ ထုတ်ကုန်အမျိုးအစားများ အလိုက်တူညီသည့် အမျိုးအစား၊ ထုတ်ကုန်များကို စုစည်းနိုင်မှသာ တစ်နှစ်ထွက်ရှိနိုင်သည့် တစ်နိုင်ငံလုံး တစ်နှစ်ထုတ်လုပ်ရရှိနိုင်မည့်ပမာဏ ကိန်းဂဏန်းကိုရရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုအချက်များအပေါ်မူတည်၍ ပြည်ပသို့ တင်ပို့နိုင်ရေးအတွက် စီမံရာတွင် သက်ဆိုင်ရာပို့ကုန်အမယ်များအလိုက် နိုင်ငံတကာဈေးကွက်မှ သတ်မှတ်လိုအပ်ချက်များနှင့်ကိုက်ညီစေရေး စီစဉ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ထိုသို့ စနစ်တကျ ဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတကာကဈေးကွက်တွင် ယုံကြည်မှုရှိသည့် ဈေးကွက်နှင့်ဖောက်သည်အဖြစ်ကို ဖန်တီးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့အာမခံချက်ဖြင့် ဈေးကွက်ရှာဖွေသည့် အဆင့်သို့ရောက်ရှိအောင် ကော်မတီဝင်များ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးဝန်ကြီးချုပ်များ၊ အေဂျင်စီများက MSME လုပ်ငန်းရှင်များကို ကူညီပံ့ပိုးပေးသွားရမည်ဖြစ်ကြောင်း၊ စနစ်တကျဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်ပြီး MSME လုပ်ငန်းဖြစ်ရန်အတွက် အားလုံးဝိုင်းဝန်းကြိုးစား ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က ပံ့ပိုးပေးရမည့်အပိုင်းနှင့် လုပ်ငန်းရှင်များက ပြန်ပြီးတုံ့ပြန်ပေးရမည့်အပိုင်းများကို ကြန့်ကြာမှုမရှိဘဲ မူဘောင်အတွင်းမှ အဆင့်ဆင့်ချိတ်ဆက်ပြီး အချိန်နှင့်တစ်ပြေးညီ ပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးစက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်က လုပ်ငန်းကော်မတီအစည်းအဝေး(၂/၂၀၂၄) အစည်းအဝေးဆုံးဖြတ်ချက်အပေါ် ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် လုပ်ငန်းကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီသို့ တင်ပြမည့်အမှာစာများကို လုပ်ငန်းသုံးသပ်မှုအစီရင်ခံရေးအဖွဲ့ဥက္ကဋ္ဌ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်း၊ လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ အေဂျင်စီဥက္ကဋ္ဌ စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရင်မောင်ညွှန့်၊ ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းထွဋ်၊ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်တို့က ဖတ်ကြားတင်ပြကြသည်။

ဆက်လက်၍ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်နှင့် ဒေါက်တာချာလီသန်းတို့က MSME ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှုနှင့်လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME ချေးငွေဆိုင်ရာ ကိစ္စရပ်များ၊ MSME လုပ်ငန်းတာဝန် ၁၄ ရပ်နှင့် စပ်လျဉ်း၍ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ MSME လုပ်ငန်းများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် လုပ်ငန်းကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ ဒုတိယဝန်ကြီးများနှင့် အသင်းအဖွဲ့များမှပညာရှင်များက ယခင်အစည်းအဝေးဆုံးဖြတ်ချက်များနှင့် လမ်းညွှန်ချက်များအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်လျက်ရှိမှု၊ ပြည်ပကုန်စည်ပြပွဲများတွင် MSME ထုတ်ကုန်များ ပါဝင်ပြသခဲ့မှု၊ သင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်သုတေသနလုပ်ငန်း ဖွံ့ဖြိုးရေးလုပ်ငန်းများ အားပေးဆောင်ရွက်လျက်ရှိမှု၊ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် MSME လုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရေးလိုအပ်သည့် အကူအညီများဆောင်ရွက်ပေးနေမှု၊ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များ၊ မူဘောင်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ယင်းနောက် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ရှင်းလင်းဆွေးနွေး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

**တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေး**

အစည်းအဝေးအပြီးတွင် အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အစည်းအဝေး တက်ရောက်လာကြသူများနှင့်အတူ ခင်းကျင်းပြသထားသည့် နေပြည်တော် ကောင်စီနယ်မြေမှ ထုတ်လုပ်လျက်ရှိသည့် ဒေသထွက် MSME ထုတ်ကုန်များနှင့် ပြည်ပသို့ တင်ပို့လျက်ရှိသည့် တန်ဖိုးမြင့် MSME ထုတ်ကုန်များကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာအသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၂၅**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တို့ ပူးပေါင်းဆောင်ရွက်သည့် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (CPU) အဖွဲ့ဝင်များ တက်ရောက်ကြသည်။





**ပြောကြား**

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်းများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဖြောင့်မတ်တည်ကြည်မှုရှိရန်၊ တာဝန်ယူမှု၊ တာဝန်ခံမှုရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်နိုင်ရန်၊ ပြည်သူအပေါ် ကျောသားရင်သားမခွဲခြားဘဲ ဥပဒေနှင့်အညီ မျှတစွာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးနှင့်ပတ်သက်၍တာဝန်ရှိသူများ၏အသိပညာပေးရှင်းလင်းဆွေးနွေးမှုများကို သေသေချာချာလေ့လာမှတ်သားပြီး မရှင်းလင်းသည့်အချက်များရှိပါက ပွင့်ပွင့်လင်းလင်း မေးမြန်းဆွေးနွေးကြရန်လိုကြောင်း၊ ယခုရှင်းလင်းဆွေးနွေးပွဲမှရရှိမည့် အသိအမြင်၊ ဗဟုသုတများကို မိမိကိုယ်တိုင်သိရှိနားလည်သကဲ့သို့ မိမိမှတစ်ဆင့် မိမိပတ်ဝန်းကျင်၊ မိမိအဖွဲ့အစည်းသို့ ပြန်လည်မျှဝေပေးကြရန်နှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် ပူးပေါင်းပါဝင်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင်က နိုင်ငံ့ဝန်ထမ်းတိုင်း အဂတိလိုက်စားမှု၏ ဘေးအန္တရာယ်နှင့် သဘောသဘာဝများကို သိရှိရှောင်ကြဉ်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များတွင် အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် အဂတိလိုက်စားမှုကို လက်မခံသည့်၊ ဖြောင့်မတ်တည်ကြည်မှုရှိသည့် လူမှုအသိုက်အဝန်းကို ဖန်တီးဖော်ဆောင်ကြရန် ရှင်းလင်းပြောကြားသည်။

ယင်းနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးမှ တာဝန်ရှိသူများက အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းစဉ်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးကြပြီး မေးမြန်းမှုများကို ပြန်လည်ရှင်းလင်းပြောကြားသည်။

ဆွေးနွေးပွဲအပြီးတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အဖွဲ့ဝင် ဦးအောင်မြင့်လွင်သည် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit-CPU) အဖွဲ့ဝင်များနှင့် အဆိုပါခန်းမ၌ တွေ့ဆုံပြီး CPU အဖွဲ့များ၏ လုပ်ငန်းဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အတွေ့အကြုံများ၊ အားသာချက်၊ အားနည်းချက်များအပေါ် သုံးသပ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်

**ဆင်ပေါင်ဝဲ ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ ဆင်ပေါင်ဝဲမြို့နယ် အမှတ်(၃)ရပ်ကွက်အတွင်းရှိ ပြည်သူများအား သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ခြင်းကို ဇူလိုင် ၂၄ ရက် ညနေ ၄ နာရီခွဲက ရှစ်မျက်နှာဘုရားဓမ္မာရုံ၌ ဆောင်ရွက်ခဲ့ကြသည်။ **(ယာပုံ)**

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဦးစစ်နိုင်ထွန်းဦးဆောင်သော ဝန်ထမ်းများက အမှတ်(၃)ရပ်ကွက်အတွင်းရှိ ပြည်သူများ သိရှိလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် လေပြင်းမုန်တိုင်းဘေးအန္တရာယ်ကာကွယ်ရန်၊ မုန်တိုင်းမကျရောက်မီ ကြိုတင်ပြင်ဆင်ရန်၊ မုန်တိုင်းဖြစ်ပွားပြီးအချိန်တွင် လုပ်ဆောင်ရမည့်အချက်များ၊ မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရန်အချက်များ၊ သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှု လျော့နည်းစေရန်၊ သတိပြုရှောင်ရှားသင့်သည့် အပြုအမူများကိုသိရှိစေရန်၊ လေပြင်းဘေးကြိုတင်ကာကွယ်ရေးနှင့် တုံ့ပြန်နိုင်ရေး အသိပညာပေးချက်များကို အသံချဲ့စက်ဖြင့် နှိုးဆော်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။



ခန့်ဝင်း(ဆင်ပေါင်ဝဲ)

* - * - * - * - * - *

# တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး ဆွေးနွေးပွဲတွင် ဆွေးနွေးပြောကြားစဉ်။

ပြင်ဦးလွင် ဇူလိုင် ၂၅

တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး ဆွေးနွေးပွဲတစ်ရပ်ကို ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်း ဖော်ဆောင်ရေး လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်ဆွေးနွေးပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲသို့ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်တို့မှ တာဝန်ရှိသူများ၊ မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီအသင်းနှင့် လူမှုရေးအသင်းအဖွဲ့များမှ လူငယ်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ ပြင်ဦးလွင်မြို့ အ.ထ.က (၁)မှ ကျောင်းသူများက " မင်္ဂလာပါ " သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ထုတ်လုပ်သည့် " ပြင်းထန်တဲ့ မြေငလျင်ဒဏ်ကို ကျော်ဖြတ်ကာ ပြန်လည်တည်ဆောက်ကြမယ့် ပိုမိုကောင်းမွန်တဲ့ အနာဂတ်" နှင့် " အနာဂတ်ကို ပိုင်စိုးသူ လူငယ်များ " Video Clip နှစ်ခုကို ဖွင့်လှစ်ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ဆွေးနွေးရာတွင် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးအတွက် အခြေခံဖြစ်သော နယ်မြေလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေးတွင် ပြင်ဦးလွင်မြို့နယ်အနေဖြင့် မူလအနေအထားအတိုင်း ရရှိနေပြီးဖြစ်၍ နိုင်ငံတော်အစိုးရနှင့် တာဝန်ရှိသူများနှင့်အတူ ပိုင်းဝန်းအကောင်အထည်ဖော် ဆောင်ရွက်ကြရန်၊ သဘာဝတရားထက်သန်သည့် မြန်မာလူမျိုးများဖြစ်သည့်အတိုင်း အားနည်းသူကို ပိုင်းကူသည့် ပုံစံဖြင့် စာနာဖေးမမှုများနှင့် ရိုင်းပင်းကူညီဆောင်ရွက်ကြရန်၊ အနာဂတ်မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ရှေ့လုပ်ငန်းစဉ်များ၊ အထူးသဖြင့် ရွေးကောက်ပွဲကျင်းပရေး စီမံနေမှုများအပေါ်တွင်လည်း ကျရာကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရန်၊ တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေး တစ်နည်းအားဖြင့် စစ်မှန်သည့်ဒီမိုကရေစီစနစ် ထွန်းကားလာစေရေးအတွက် ပြည်သူတစ်ရပ်လုံးက အသိပညာရှိမှု၊ စည်းကမ်းနားလည်လိုက်နာမှု၊ စာနာမှု၊ ပူးပေါင်းဆောင်ရွက်တတ်မှုတို့နှင့် ပိုင်းဝန်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် လူငယ်များ၊ ကျောင်းသား ကျောင်းသူများအား MRTV DTH ၁၀ စုံနှင့် MRTV DVB T2 Set Top Box အစုံ ၂၀ တို့ကို ကံစမ်းမဲဖောက်၍ ပေးအပ်သည်။

ယင်းနောက် ပြင်ဦးလွင်မြို့ရှိ "လင်းလက်ကြယ်စင်ဟိန်း" ကိုယ်ပိုင်အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ပန်းကမ္ဘာမျှော်စင်" တေးသီချင်းဖြင့် သီဆိုကပြကာ ဆွေးနွေးပွဲကို ရုပ်သိမ်းခဲ့သည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့၏ လုံခြုံမှုနှင့် တည်ငြိမ်အေးချမ်းမှုအရ ပြည်သူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူလည်ပတ် လျက်ရှိသည့် "ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း" (BE Falls Nature Amusement Park) သို့ သွားရောက်ကြပြီး အပန်းဖြေစခန်းမှ တာဝန်ရှိသူများနှင့် လာရောက်အပန်းဖြေလည်ပတ်နေသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ကာ အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှုအားပေးကြသည်။

အဆိုပါ အပန်းဖြေစခန်းတွင် Sky Cable Car ၊ 5D LED မှန်တံတား၊ ဆင်လေးများ၏ ဖျော်ဖြေမှုအစီအစဉ်၊ ရာသီပေါ်ပန်းအလှစိုက်ခင်း၊ Photo booth များ ၊ ခေတ်လွန်ယာဉ်များ၊ တောတွင်းလျှောက်လမ်းနှင့် ကြိုးတံတား၊ Jumping Cloud ၊ ခေတ်မီကစားကွင်း၊ ချူးရဟတ်၊ Unplugged တီးဝိုင်း၊ ဘာဂီ၊ အလှမြင်းရထားလုပ်များ၊ အဆင့်မြင့်စားသောက်ဆိုင်များ၊ ဒေသထွက်ဖျော်ရည်နှင့် အစားအစာများ၊ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များဖြင့် ဝန်ဆောင်မှုပေးထားသည့်အပြင် ရင်ခုန်စိတ်လှုပ်ရှားဖွယ်ကစားနည်းများဖြစ်သည့် Family Coaster ၊ Bumper Car ၊ Tea Cup နှင့် Merry Go Round တို့ကို ယခုနှစ် ဖေဖော်ဝါရီလတွင် ထပ်မံတိုးချဲ့ထည့်သွင်းဆောင်ရွက်ထားပြီး ဒိုင်နိုဆောများ၊ သဘာဝရုပ်ကြွင်းပြကွက်တို့ကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အများပြည်သူအပန်းပြေစေရေးအတွက် အသေးစိတ်စီစဉ်ဆောင်ရွက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်


ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြင်ဦးလွင်မြို့ ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းတွင် ဆင်လေးများအား အစာကျွေးစဉ်။

# ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ အကြိမ်(၂၀)မြောက် အာရှမီဒီယာထိပ်သီးဆွေးနွေးပွဲ ကျင်းပ




ဆီယမ်ရိ ဇူလိုင် ၂၅

ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့ Sokha Siem Reap Resort & Convention Center ၌ အကြိမ် (၂၀)မြောက် အာရှမီဒီယာထိပ်သီး ဆွေးနွေးပွဲကို ဇူလိုင် ၂၃ ရက်က ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် အဖွဲ့ ဆက်လက်တက်ရောက်သည်။

မွန်းလွဲပိုင်းတွင် CEO Session ကို ကျင်းပပြီး သတင်းတု၊ သတင်းမှား တိုက်ဖျက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် ရည်ရွယ်သည့် Angkor Declaration 2.0 ကို ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးက ထုတ်ပြန်ကြေညာသည်။

ဆက်လက်၍ AIBD အမှုဆောင်အရာရှိချုပ်က တက်ရောက်လာကြသည့် ပြန်ကြားရေးဝန်ကြီးများ၊ ဒုတိယဝန်ကြီးများအား အမှတ်တရ လက်ဆောင်များ ပေးအပ်သည်။

ညနေပိုင်းတွင် 20th AMS ပိတ်ပွဲအခမ်းအနားကို ကျင်းပရာ ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီး Mr. Neth Pheaktra နှင့် AIBD အမှုဆောင်အရာရှိချုပ် Ms. Philomena Gnanapragasam တို့က (၂၁)ကြိမ်မြောက် အာရှမီဒီယာထိပ်သီး ဆွေးနွေးပွဲကို လက်ခံကျင်းပမည့် မော်လဒိုက်နိုင်ငံမှ သမ္မတရုံးပြောရေးဆိုခွင့်ရှိသူ Ms. Heena Waleed အား လွှဲပြောင်းပေးသည့် အသိအမှတ်ပြုလွှာပေးအပ်သည်။

ထို့နောက် မော်လဒိုက်နိုင်ငံမှ ဒုတိယဝန်ကြီး Ms. Aminath Namza က 21st AMS ကို လက်ခံကျင်းပခွင့်ရသည့်အတွက် ကျေးဇူးတင်ကြောင်း ပြောကြားသည်။

ယင်းနောက် AIBD အမှုဆောင်အရာရှိချုပ် Ms. Philomena Gnanapragasam က ကျေးဇူးတင်စကား ပြောကြားကာ အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးထံ အသိအမှတ်ပြုလွှာပေးအပ်ပြီး ပြန်ကြားရေးဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ဇူလိုင် ၂၄ ရက်တွင် 20th AMS သို့ တက်ရောက်လာသည့် အာရှပစိဖိတ်နိုင်ငံများမှ ကိုယ်စားလှယ်များသည် ကမ္ဘောဒီးယားနိုင်ငံ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့်အတူ ရှေးဟောင်းသမိုင်းဝင် အမွေအနှစ်နေရာများဖြစ်သည့် အန်ကောဝပ်၊ တာ့ဖရွန်းနှင့် ဘေယွန်ဘုရားကျောင်းတို့သို့ သွားရောက် လေ့လာကြပြီး အန်ကောဝပ်ဘုရားကျောင်းရှေ့၌ 20th AMS အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းပရာ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့က အမှတ်တရ သစ်ပင်စိုက်ပျိုးပေးသည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် Sokha Siem Reap Resort Hotel ၌ Asia–Pacific Institute for Broadcasting Development (AIBD) မှ အမှုဆောင်အရာရှိချုပ် Ms.Philomena Gnanapragasam နှင့် တွေ့ဆုံ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ရုပ်သံလွှင့်နည်းပညာဆိုင်ရာ သင်တန်းများ ပေးနိုင်ရေး၊ ထုတ်လုပ်မှုနည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ဆွေးနွေးပွဲများ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင် နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့်ပစ္စည်းများ ပြင်ဆင်ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုအားပေး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက် ဂုဏ်ပြုပေးအပ်

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါ၍ ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီရုံး၌ ယနေ့နံနက်ပိုင်းက နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့မည့်ပစ္စည်းများအား ပြင်ဆင်ထုပ်ပိုးနေမှုများကို လိုက်လံကြည့်ရှုခဲ့သည်။

ထိုသို့ လိုက်လံကြည့်ရှုစဉ် တာဝန်ရှိသူများက စားသောက်ဖွယ်ရာများကို နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များထံ ထောက်ပံ့ပေးပို့ရန်အတွက် ဌာနဆိုင်ရာဝန်ထမ်းများက စေတနာ၊ မေတ္တာ၊ ကရုဏာအပြည့်ဖြင့် ကိုယ်တိုင်ကြော်လှော်ကာ စနစ်တကျသေသပ်စွာ ထုပ်ပိုးပြင်ဆင်၍ တက်ညီလက်ညီ စိတ်အားထက်သန်စွာ ဝိုင်းဝန်းဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး တက်ညီလက်ညီ ဝိုင်းဝန်းဆောင်ရွက်နေသူများကို လိုက်လံကြည့်ရှုအားပေးခဲ့သည်။

၎င်းနောက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဂုဏ်ပြုချီးမြှင့်သည့် စားသောက်ဖွယ်ရာများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်သို့ သွားရောက်ဂုဏ်ပြုပေးအပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ကိုထိုက်က လက်ခံ၍ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း၊ ဂုဏ်ပြုချီးမြှင့်သည့် စားသောက်ဖွယ်ရာများတွင် အသင့်စားခေါက်ဆွဲထုပ်၊ လက်ဖက်ထုပ်၊ ကော်ဖီမစ်ထုပ်၊ ဆေးပေါ့လိပ်၊ မြေပဲကြော်ထုပ်၊ နှစ်ပြန်ပဲကြော်ထုပ်၊ ငါးနီတူကြော်ထုပ်၊ ငါးပိထောင်းဘူး၊ Royal-D ဓာတ်ဆားထုပ်၊ စုစုပေါင်းငွေကျပ်သိန်း(၄၀၀)ကျော်တန်ဖိုးရှိ အစားအသောက်ကိုးမျိုးအပြင် စိတ်ဓာတ်ခွန်အား နိုးကြားတက်ကြွစေရန် ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် တိုက်ပွဲတိုင်းအောင်မြင်ပါစေ၊ တရားသောစစ်အောင်မြင်ပါစေ စသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ရေးသားထည့်သွင်းပေးပို့ကြကြောင်းနှင့် အဆိုပါစားသောက်ဖွယ်ရာများကို ရှေ့တန်းစစ်မျက်နှာအသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရှုပ်ရှုပ်ချွံချွံ တာဝန်ထမ်းဆောင်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**



















Mandalay City Development Committee
MANDALAY
• မန္တလေးမြို့တော် သန့်ရှင်းရမည်။
• မန္တလေးမြို့တော် သာယာလှပရမည်။
• မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့ တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရွေးချယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်နိုင်ရေးအတွက် မန္တလေးတိုင်းဒေသကြီးအတွင်း ဂုဏ်အင်္ဂါအရည်အချင်းနှင့် လျော်ညီပြီး ပူဇော်ချီးမြှင့်ထိုက်သည့် ရဟန်း၊ သံဃာတော်များ၊ သီလရှင်များနှင့် လူပုဂ္ဂိုလ်များအား စိစစ်ရွေးချယ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အစည်းအဝေးသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ တိုင်းဒေသကြီးသာသနာရေးဦးစီးဌာန၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေး၌ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်က အဖွင့်အမှာစကားပြောကြားရာတွင် တိုင်းဒေသကြီးအတွင်းမှ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် ဆက်ကပ်ချီးမြှင့်အပ်နှင်းထိုက်သည့် ရဟန်း၊ သီလရှင်နှင့် လူပုဂ္ဂိုလ်တို့ကို စိစစ်ရွေးချယ်ရာတွင် ဖွဲ့စည်းထားသော သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော် စိစစ်ရေးအဖွဲ့အနေဖြင့် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ပြဋ္ဌာန်းခြင်းပါ ဂုဏ်အင်္ဂါအရည်အချင်းသတ်မှတ်ချက်များနှင့် ညီညွတ်မှု ရှိ၊ မရှိ စိစစ်ရွေးချယ်ရန်နှင့် မှန်မှန်ကန်ကန်ရွေးချယ်ဆက်ကပ်နိုင်ရေးအတွက် အထူးဂရုပြုအလေးထား ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးသာသနာရေးဦးစီးဌာနနှင့် သာသနာတော် ထွန်းကားပြန့်ပွားရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများက တိုင်းဒေသကြီးအတွင်းမှ ၂၀၂၆ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်အပ်နှင်းနိုင်ရေးအတွက် စိစစ်ရွေးချယ်ထားရှိမှု အခြေအနေများနှင့် ပတ်သက်၍ အသေးစိတ်ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများက သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ စိစစ်ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးခဲ့ကြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**




**သတင်း-စာမျက်နှာ ၆**












# အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်း၌ လူငယ်စကားဝိုင်း ကျင်းပ

**မန္တလေး ဇူလိုင် ၂၅**

ကျောင်းသားလူငယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန်အတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို မန္တလေး၊ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄)အခြေခံပညာအထက်တန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ဇူလိုင် ၂၃ ရက် နံနက် ၉ နာရီခွဲတွင် ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဒုတိယမြို့နယ်ပညာရေးမှူးတို့က အမှာစကားပြောကြားခဲ့သည်။ ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက လူငယ်စကားဝိုင်း ပြုလုပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။

လူငယ်စကားဝိုင်း ကျင်းပဆောင်ရွက်ရာတွင် ဦးစီးအရာရှိနှင့် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်းမှ Grade-10၊ Grade -11 ကျောင်းသား၊ ကျောင်းသူငါးဦးတို့က 'လူငယ်နှင့်အဂတိ'၊ 'လူငယ်နှင့်အားကစား'၊ 'လူငယ်နှင့်ရပ်ရွာလူမှုရေးလုပ်ငန်းများ'၊ 'လူငယ်နှင့်အားလပ်ချိန်' 'မိန်းကလေးများနှင့် အမျိုးသမီးငယ်များအကြောင်း' စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့သည်။ **ချမ်းမြေ့မောင်**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ပေကျင်းမြို့တော်၌တွေ့ဆုံစဉ် ဆက်ဆံရေးကိစ္စ အာဆူလာဗွန်ဒါလေယန် ထုတ်ဖော်ပြောကြား



**ပေကျင်း ဇူလိုင် ၂၅**

ဥရောပသမဂ္ဂ (အီးယူ)နှင့် တရုတ်နိုင်ငံတို့အကြား ဆက်ဆံရေးသည် "အချိုးအကွေ့တစ်ခု" သို့ ရောက်ရှိနေပြီဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလေယန်က ပေကျင်းမြို့တော်၌ကျင်းပသော တစ်ရက်တာ ထိပ်သီးအစည်းအဝေးတွင် ၎င်း၏ တရုတ်နိုင်ငံဘက်မှ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ သမ္မတ ရှီကျင့်ဖျင်အား ပြောကြားခဲ့ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

"ကျွန်ုပ်တို့၏ ပူးပေါင်းဆောင်ရွက်မှုများ နက်ရှိုင်းလာသည်နှင့်အမျှ မညီမျှမှုများလည်း တိုးလာခဲ့သည်" ဟု ဗွန်ဒါလေယန်က ပြောကြားခဲ့ရာ ၎င်းမှာ ဥရောပသမဂ္ဂ၏ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတွင် ကြီးမားသော လိုငွေပြမှုကို ရည်ညွှန်းခြင်းဖြစ်သည်။ တရုတ်နိုင်ငံ၏ ရုရှားနှင့် ဆက်ဆံရေးသည် ယခုအခါ အီးယူနှင့် ဆက်ဆံရာတွင် "အဓိကဆုံးဖြတ်သည့်အချက်" ဖြစ်လာနေပြီဖြစ်ကြောင်းကိုလည်း ၎င်းက ထောက်ပြသတိပေးသည်။

အီးယူခေါင်းဆောင်များအား "ကွဲပြားခြားနားမှုများကို စနစ်တကျ ကိုင်တွယ်ဖြေရှင်းရန်" သမ္မတရှီကျင့်ဖျင်က တိုက်တွန်းခဲ့ပြီး "ဥရောပရင်ဆိုင်နေရသော လက်ရှိစိန်ခေါ်မှုများသည် တရုတ်နိုင်ငံမှ လာခြင်းမဟုတ်" ဟု ၎င်းက ဖြေရှင်းပြောကြားကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

## စကော့တလန်ရှိ မိမိပိုင် ဂေါက်သီးရိုက်အပန်းဖြေစခန်းနှစ်ခုသို့ အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရမ့် သွားရောက်မည်




**ဝါရှင်တန် ဇူလိုင် ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်လ် ထရမ့်သည် ၎င်း၏မိခင်မွေးဖွားရာနိုင်ငံဖြစ်သော စကော့တလန်ရှိ ၎င်းပိုင်ဆိုင်သည့် သဲသောင်ပြင်ဂေါက်သီးရိုက်အပန်းဖြေစခန်းနှစ်ခုသို့ လာမည့်ရက်အနည်းငယ်အတွင်း လေယာဉ်ဖြင့် သွားရောက်မည်ဖြစ်ကြောင်း စီအင်န်အင်န်သတင်းဌာနက ဖော်ပြသည်။

၎င်းသည် ၂၀၁၄ ခုနှစ်တွင် ဝယ်ယူခဲ့သည့် ကမ္ဘာ့အဆင့်မီနေရာတစ်ခုဖြစ်သော တောင်ပိုင်းအဲရ်ရှိုင်းယားရှိ တန်ဘာရီသို့လည်းကောင်း၊ အေဘာဒင်းရှိုင်းယားရှိ မီနီသို့လည်းကောင်း သွားရောက်ကာ ၁၈-ကျင်းရိုက် ကစားနိုင်သည့် ဂေါက်ကွင်းအသစ်တစ်ခုကို ဖွင့်လှစ်မည်ဖြစ်သည်။

အိမ်ဖြူတော်၏ ထုတ်ပြန်ချက်အရ ထရမ့်သည် ဗြိတိန်တွင်ရှိနေစဉ် ဝန်ကြီးချုပ် ဆာကီးယားစတာမာနှင့် တွေ့ဆုံကာ ကုန်သွယ်ရေးကိစ္စများကိုလည်း ဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်သမ္မတများသည် ရာထူးတာဝန်ထမ်းဆောင်နေစဉ်အတွင်း ၎င်းတို့၏ ကိုယ်ပိုင်အကျိုးစီးပွားများကို အများပြည်သူရှေ့မှောက်တွင် ယခုကဲ့သို့ ပွင့်လင်းစွာ မြှင့်တင်ပြသလေ့ မရှိသဖြင့် ထိုခရီးစဉ်သည် ထူးခြားကြောင်း သိရသည်။ **Mon**

# လုပ်ငန်းစံသတ်မှတ်ရန်နှင့် စီးပွားရေးတိုးတက်မှုမြှင့်တင်ရန် တရုတ်နိုင်ငံ၏ ပထမဆုံး အကင်ဟင်းလျာ ကောလိပ်ဖွင့်လှစ်

**ပေကျင်း ဇူလိုင် ၂၅**

တရုတ်နိုင်ငံရှိ တက္ကသိုလ်များသည် နှစ်ပေါင်းများစွာကတည်းက ဆရာဝန်များ၊ အင်ဂျင်နီယာများ၊ ရှေ့နေများ၊ ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များကို မွေးထုတ်ပေးလျက်ရှိရာ ယခုအခါ ဟူနန်ပြည်နယ်ရှိ တက္ကသိုလ်တစ်ခုက အကင်ဟင်းလျာကျွမ်းကျင်သူများကို ထူးထူးခြားခြား မွေးထုတ်တော့မည်ဖြစ်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

အရသာရှိသည့် အကင်ဟင်းလျာများကြောင့် ကျော်ကြားသော ယူယန်မြို့သည် တွင်ကျယ်နေသောလုပ်ငန်းကို စံသတ်မှတ်ရန်နှင့် ဒေသတွင်း စီးပွားရေး တိုးတက်မှုကို မြှင့်တင်ရန်အတွက် တရုတ်နိုင်ငံ၏ ပထမဆုံး အကင်ဟင်းလျာ ကောလိပ်ကို မကြာသေးမီက ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။

ယူယန် အဆေးသင်တက္ကသိုလ်သည် ယူယန်အကင်ဟင်းလျာ အသင်းနှင့် ပူးပေါင်း၍ ဘာဘီကျူးကို အဓိကထားသည့် တရုတ်နိုင်ငံ၏ ပထမဆုံးအသက်မွေးဝမ်းကျောင်းပညာရေး ပလက်ဖောင်းကို ဖန်တီးခဲ့သည်။

ဒေသအစိုးရလည်း ပါဝင်သည့် မဟာဗျူဟာမြောက် သဘောတူညီချက်တစ်ရပ်အရ ယူယန်အကင်သုတေသနအဖွဲ့အစည်းနှင့် ယူယန်အကင်လုပ်ငန်း ကောလိပ်တည်ထောင်ခြင်းကို စတင်ခဲ့ပြီး ၎င်းတို့၏ ရည်ရွယ်ချက်များမှာ အထူးပြုကျွမ်းကျင်သူများကို လေ့ကျင့်ပေးရန်၊ ဟင်းလျာချက်ပြုတ်မှုနှင့် စီးပွားရေးလုပ်ငန်းဆောင်ရွက်မှုများကို စံသတ်မှတ်ရန်နှင့် လူသိများသော အကင်ဟင်းလျာကဏ္ဍကို မြှင့်တင်ရန်ဖြစ်ကြောင်း သိရသည်။

**Mon**



ဗြိတိန်တော်ဝင်မိသားစုအကြီးအကဲတတိယမြောက်ချားလ်စ်ဘုရင်ကအိန္ဒိယဝန်ကြီးချုပ်နာရင်ဒရာမိုဒီအားအင်္ဂလန်ကျွန်းရှိ ဆန်ဒရင်ဂန်အိမ်တော်၌ယမန်နေ့ကလက်ခံတွေ့ဆုံနှုတ်ဆက်နေစဉ်။

**Mon**



# ဆယ်လ်မွန်နဲလားပိုးတွေ့ရှိထားသော အစပ်အရသာ ဆလာမီကို သိမ်းဆည်းရန် စင်ကာပူအစားအစာကြီးကြပ်ရေးအဖွဲ့ အမိန့်ထုတ်

**စင်ကာပူ ဇူလိုင် ၂၅**

စင်ကာပူအစားအစာကြီးကြပ်ရေးအဖွဲ့က ဇူလိုင် ၂၄ ရက်တွင် ပရီမိုဆိုပရက်ဆာ အစပ်အရသာဆလာမီထဲ၌ ဆယ်လ်မွန်နဲလားပိုးတွေ့ရှိပြီးနောက် အဆိုပါဆလာမီကို ပြန်လည်သိမ်းဆည်းရန် ယမန်နေ့က အမိန့်ထုတ်ပြန်လိုက်ကြောင်း စီအင်န်အိုင်သတင်းဌာနက ဖော်ပြသည်။

ဆယ်လ်မွန်နဲလားသည် အစာအဆိပ်သင့်စေနိုင်သော ရောဂါဖြစ်ပွားစေသည့် ဘက်တီးရီးယားပိုးတစ်မျိုးဖြစ်သည်။ ၎င်း၏ ရောဂါလက္ခဏာများတွင် ဝမ်းလျှောခြင်း၊ ဗိုက်နာခြင်း၊ ဖျားနာခြင်း၊ ပျို့အန်ခြင်းတို့ ပါဝင်နိုင်သည်။

ဩစတြေးလျမှ ထုတ်လုပ်သည့် အဆိုပါထုတ်ကုန်ကို ပြန်လည်သိမ်းဆည်းရန် စင်ကာပူအစားအစာကြီးကြပ်ရေးအဖွဲ့က ညွှန်ကြားထားသည်။

အဆိုပါထုတ်ကုန်ကို ဝယ်ယူခဲ့ကြသော စားသုံးသူများကိုလည်း စားသုံးခြင်းမပြုကြရန် ထိုအဖွဲ့က သတိပေးထားကြောင်း သိရသည်။ **Mon**

STOP AIDS

# ထိုင်း-ကမ္ဘောဒီးယားနယ်စပ်ဒေသ၌ အပြန်အလှန်တိုက်ခိုက်မှုများ ဆက်လက်ဖြစ်ပွား

**ဖနောင်ပင် ဇူလိုင် ၂၅**

ထိုင်း-ကမ္ဘောဒီးယားနယ်စပ်ဒေသ၌ နှစ်နိုင်ငံအပြန်အလှန်တိုက်ခိုက်မှုများသည် ယနေ့တွင်လည်း ဆက်လက်ဖြစ်ပွားလျက်ရှိသည်။

တိုက်ပွဲများ ဖြစ်ပွားမှုကြောင့် ထိုင်းဘက်ခြမ်းတွင် အရပ်သား ၁၃ ဦးနှင့် တပ်မတော်သား တစ်ဦးသေဆုံးပြီး ၄၀ ကျော် ဒဏ်ရာရရှိကြောင်း ထိုင်းတပ်မတော်က ပြောကြားသည်။ ပြည်သူ တစ်သိန်းကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း သိရသည်။ ကမ္ဘောဒီးယားအစိုးရက အသေအပျောက်စာရင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ထုတ်ဖော်ပြောကြားခြင်း မရှိသေးပေ။

ကမ္ဘောဒီးယားနိုင်ငံ၏ ကမ္ဘာ့အမွေအနှစ်နေရာဖြစ်သော Preah Vihear ရှေးဟောင်းဘုရားကျောင်း၏ အစိတ်အပိုင်းအချို့ ပစ်ခတ်ခံရမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည်ဟု ကမ္ဘောဒီးယားအစိုးရက ပြောကြားသည်။

မလေးရှား ဝန်ကြီးချုပ် အန်ဝါအီဘရာဟင်က ဇူလိုင် ၂၄ ရက်တွင် နှစ်နိုင်ငံခေါင်းဆောင်များကို ဖုန်းခေါ်ဆိုကာ အပစ်အခတ်ရပ်စဲရေးအတွက် ချက်ချင်းတောင်းဆိုခဲ့ကြောင်း ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။

မလေးရှားနိုင်ငံက လက်ရှိတွင် အာဆီယံအဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။

ထိုင်းနှင့်ကမ္ဘောဒီးယားနှစ်နိုင်ငံစလုံးသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**

**ဘာသာပြန်-**

**အောင်ကျော်ကျော်**



# တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဆင်းပွဲ ကျင်းပ





**မန္တလေး ဇူလိုင် ၂၅**

တက္ကသိုလ်နှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများအား ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်း(၂/၂၀၂၅) သင်တန်းဆင်းပွဲကို မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံး ခန်းမတွင် ယနေ့ မွန်းလွဲ ၂ နာရီက ကျင်းပသည်။

အခမ်းအနားသို့ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်သင်းဝေ၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်၊ တိုင်းဒေသကြီး ဥပဒေချုပ် ဦးမြင့်အောင်နှင့် သင်တန်းနည်းပြများ၊ သင်တန်းသား၊ သင်တန်းသူ ၆၂ ဦးတို့ တက်ရောက်ခဲ့ကြရာ ဇူလိုင် ၁၁ ရက်မှ ၂၅ ရက်အထိ ဖွင့်လှစ်၍ ဥပဒေဘာသာရပ် (၇)ခု ပို့ချပေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး ဥပဒေချုပ်က သင်တန်းဆင်း အမှာစကားပြောကြားပြီး သင်တန်းသားများကိုယ်စား ဆေးတက္ကသိုလ်(မန္တလေး)မှ ကထိက ဒေါက်တာကျော်နိုင်ထွန်းက ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်နှင့် တိုင်းဒေသကြီး ဥပဒေချုပ်တို့က သင်တန်းသား၊ သင်တန်းသူများအား သင်တန်းဆင်း လက်မှတ်များပေးအပ်ခဲ့ပြီး စုပေါင်းမှတ် တမ်းတင်ဓာတ်ပုံရိုက်ကာ အခမ်းအနား ပြီးဆုံးခဲ့ကြောင်း သိရသည်။

(ဓပုံ)

**(မန္တလေးနေ့စဉ်-ဇ)**

၀-၀-၀-၀-၀

# လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့် စာစစ်ဌာနများမှ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို မြန်မာ့အသံမှ ထုတ်လွှင့်ကြေညာပေးမည်

**နေပြည်တော် ဇူလိုင် ၂၅**

၂၀၂၅ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများကို တစ်ပြည်လုံးအတွက် တစ်ပြိုင်တည်း တစ်ရက်တည်းဖြင့် အပြီးထုတ်ပြန်ကြေညာသွားမည်ဖြစ်ရာ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ စာစစ်ဌာနများ၏ အောင်စာရင်းများကို ဇူလိုင် ၂၇ ရက် နံနက် ၆ နာရီတွင် မြန်မာ့အသံ(ရေဒီယို) တိုင်းရင်းသားအစီအစဉ်များမှ စတင်ထုတ်လွှင့်ကြေညာပေးသွားမည်ဖြစ်သည်။

အဆိုပါ ထုတ်လွှင့်ပေးမည့်စာစစ်ဌာနများမှာ **ကချင်ပြည်နယ်မှ** ဝိုင်းမော်၊ တနိုင်း၊ ရှင်ဗွေယန်၊ ချီဖွေ၊ မိုးညှင်း၊ ဟိုပင်၊ အင်းတော်ကြီး၊ မိုးကောင်း၊ နမ္မတီး၊ ပင်းဘော၊ ဖားကန့်၊ ကာမိုင်း၊ ဗန်းမော်၊ ရွှေကူ၊ ပူတာအို၊ မချမ်းဘောနှင့် နောင်မွန်စာစစ်ဌာန၊ **ကယားပြည်နယ်မှ** လွိုင်ကော်စာစစ်ဌာန၊ **ကရင်ပြည်နယ်မှ** လှိုင်းဘွဲ့၊ ရွှေဂွန်း၊ ဘုရင့်နောင်တပ်၊ လိပ်သို၊ ကမမောင်း၊ အထက(၂) ကော့ကရိတ်၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီစာစစ်ဌာန၊ **ချင်းပြည်နယ်မှ** ဟားခါးနှင့် တီးတိန်စာစစ်ဌာန၊ **ရခိုင်ပြည်နယ်မှ** သံတွဲပြင်ကုန်း၊ အထက(၁)ကျောက်ဖြူ၊ အထက(၂) ကျောက်ဖြူ၊ အထက(မာန်အောင်)နှင့် အထက(ခွဲ)ဈေးတန်းစာစစ်ဌာန၊ **ရှမ်းပြည်နယ်(တောင်ပိုင်း)မှ** ဟိုပုံး၊ ဆီဆိုင်၊ ဘန်းယဉ်၊ ဆိုက်ခေါင်၊ အထက(၁)ပင်လောင်း၊ အထက(၂) ပင်လောင်း၊ နောင်တရား၊ တီဂျစ်၊ ပင်ခွန်၊ တင်းတက်၊ မိုင်းကိုင်၊ ကွန်ဟိန်း၊ မိုးနဲ၊ တုန်ဟုန်း၊ မိုင်းရှူး၊ ဝမ်ကန်၊ ကျေးသီးမံစံ၊ မိုင်းနောင်၊ မိုင်းပန်နှင့် မောက်မယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ** အထက(၁)တန့်ယန်း၊ အထက(၂) တန့်ယန်း၊ မိုင်းရယ်နှင့် မူဆယ်စာစစ်ဌာန၊ **ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ** မိုင်းခတ်၊ မိုင်းပျင်း၊ မက်မန်း၊ မိုင်းဆတ်၊ မိုင်းတုံ၊ မိုင်းဖြတ်နှင့် မိုင်းယောင်းစာစစ်ဌာန၊ တနင်္သာရီတိုင်းဒေသကြီးမှ ကျွန်းစု၊ ပုလောနှင့် ဘုတ်ပြင်းစာစစ်ဌာန၊ **မကွေးတိုင်းဒေသကြီးမှ** စေတုတ္တရာ၊ ငဖဲ၊ ပဒါန်း၊ ပခုက္ကူ၊ ဝါဓိ၊ ရေစကြို၊ ပေါက်၊ ဂန့်ဂေါ၊ ကျောနှင့် ဟံသာဝတီစာစစ်ဌာန၊ **စစ်ကိုင်းတိုင်းဒေသကြီးမှ** အထက(၁)ကလေး၊ အထက(၃) ကလေး၊ အင်ဒိုင်းကြီး၊ မင်းကင်း၊ ပန်းဆက်၊ ကလေးဝ၊ တမူး၊ ကန့်ဘလူ၊ ထန်းကုန်း၊ ကျွန်းလှ၊ ရေဦး၊ အရာတော်၊ ကသာ၊ ဗန်းမောက်၊ ဝန်းသို၊ မော်လိုက်၊ ကင်းတပ်၊ ဖောင်းပြင်၊ ခန္တီး၊ အထက(၁)ဟုမ္မလင်း၊ အထက(၂) ဟုမ္မလင်း၊ ကတ်သာ၊ မောင်းခမ်း၊ ထမံသီ၊ လေရှီး၊ ပန်ဆပ်၊ ဆွမ္မရာ၊ လဟယ်၊ နန်းယွန်းနှင့် ပန်ဆောင်စာစစ်ဌာန၊ **ပဲခူးတိုင်းဒေသကြီး (အရှေ့ပိုင်း)မှ** ကျောက်ကြီးစာစစ်ဌာန၊ **ရန်ကုန်တိုင်းဒေသကြီးမှ** ကိုကိုးကျွန်းစာစစ်ဌာနတို့ ဖြစ်သည်။

အဆိုပါတက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းကြေညာချက်များကို မြန်မာနိုင်ငံအထက်ပိုင်းဒေသများမှ လှိုင်းတို (၅၀ ဒသမ ၇၁ မီတာ)၊ (၅၉၁၅ ကီလိုဟက်ဇ်)မှ လည်းကောင်း၊ မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ လှိုင်းလတ်( ၄၁၁ ဒသမ ၅၂ မီတာ)၊ (၇၂၉ ကီလိုဟက်ဇ်)မှ လည်းကောင်း အသီးသီးဖမ်းယူနားဆင်နိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# နှိပ်စက်ညှဉ်းပန်းခဲ့သည့် ဒဏ်ရာများဖြင့် ဆေးဝါးကုသခွင့်မရဘဲ အကျဉ်းသူ မဝတ်ရည်အောင် ကွယ်လွန်သည်ဟု မဟုတ်မမှန် ရေးသားဖြန့်ဝေ

**နေပြည်တော် ဇူလိုင် ၂၅**

အင်းစိန်ဗဟိုအကျဉ်းထောင်၌ စစ်တပ်၏ စစ်ကြောရေးအတွင်း နှိပ်စက်ညှဉ်းပန်းခဲ့သည့် ဒဏ်ရာများဖြင့် ဆေးဝါးကုသခွင့်မရဘဲ နိုင်ငံရေးအကျဉ်းသူ မဝတ်ရည်အောင် ကွယ်လွန်သည်ဟု Khit Thit Media အမည်ခံ Facebook Page ၌ အများပြည်သူ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်စိစစ်ရာတွင် အကျဉ်းထောင်၌ နိုင်ငံရေးအကျဉ်းသား/သူ ဟူ၍မရှိဘဲ တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ကျူးလွန်၍ ပြစ်ဒဏ်ကျခံနေရသူများသာရှိပြီး အကျဉ်းသူ မဝတ်ရည်အောင်သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ အကြမ်းဖက် ၅၂(က) ဖြင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ကြောင်း၊ ယင်းအကျဉ်းသူသည် အတက်ရောဂါ၊ လေဖျန်းခြင်း၊ သွေးတိုးရောဂါခံစားနေရသူဖြစ်ကာ အကျဉ်းထောင်ဆေးရုံ၌ ငါးကြိမ်၊ အင်းစိန်ပြည်သူ့ဆေးရုံကြီး၌ (၁၀)ကြိမ် ဆေးကုသပေးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် အတက်ရောဂါဝေဒနာ ထပ်မံခံစားနေရသဖြင့် အကျဉ်းထောင်ဆေးရုံအုပ်က အနီးကပ်ကြပ်မတ်ကုသပေးခဲ့သော်လည်း သက်သာလာခြင်းမရှိသဖြင့် ယင်းနေ့၌ အင်းစိန်ပြည်သူ့ဆေးရုံကြီးသို့ အရေးပေါ်တင်ပို့ကုသပေးခဲ့ပြီး ဇူလိုင် ၂၀ ရက်တွင် အတက်ရောဂါ၊ ဦးနှောက်ရောင်ရမ်းခြင်း၊ နှလုံးအားနည်းခြင်းရောဂါတို့ဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်သဖြင့် အကျဉ်းထောင်အတွင်း ရောက်ရှိချိန်တွင် လုံလောက်သည့် ဆေးဝါးကုသခွင့်မရသည်ဆိုသည်မှာ မှန်ကန်မှုမရှိကြောင်း အကျဉ်းထောင်တာဝန်ရှိသူများက ရှင်းလင်းပြောကြားသည်။

အင်းစိန်ဗဟိုအကျဉ်းထောင် တာဝန်ခံအရာရှိနှင့် အကျဉ်းထောင်ဆရာဝန်တို့သည် အိပ်ဆောင်/တိုက်ခန်းများသို့ လှည့်လည်စစ်ဆေးချိန်များတွင်အကျဉ်းသား/သူများ၏ ကျန်းမာရေးနှင့် နေထိုင်စားသောက်ရေးတို့အား မေးမြန်းပြီး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ အကျဉ်းထောင်ဆေးရုံအုပ်က အိပ်ဆောင်များ၌ ကျန်းမာရေးနှင့် ပတ်သက်သည့် အသိပညာပေးဟောပြောဆွေးနွေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ လိုအပ်သည့် ဆေးဝါးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အလားတူ သထုံအကျဉ်းထောင်တွင် အကျဉ်းကျခံနေရသော NLD အလုပ်အမှုဆောင် ဦးပြည့်စုံအောင် ရုတ်တရက်ကွယ်လွန်သွားပြီး ထောင်က နေ့ချင်းအလောင်းကို မီးသင်္ဂြိုဟ်သည်ဟု Khit Thit Media အမည်ခံ Facebook Page မဟုတ်မမှန် ရေးသားဖြန့်ဝေထားသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကျဉ်းသား ပြည့်စုံအောင်သည် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က၊ အကြမ်းဖက် ၅၂(က)ဖြင့် ပြစ်ဒဏ်ကျခံနေရသူဖြစ်ပြီး အကျဉ်းထောင်သို့ မရောက်ရှိမီ ပြင်ပတွင် နေထိုင်စဉ်ကတည်းက ဆီးချိုရောဂါခံစားနေရသူဖြစ်ကြောင်း၊ ဆီးချိုရောဂါကြောင့် အကျဉ်းထောင် ဆေးခန်းနှင့် သထုံခရိုင်ဆေးရုံကြီးတို့တွင် ဆေးဝါးကုသမှုများ ပေးခဲ့ကြောင်း သိရသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၁၈ ရက်တွင် ဆီးချိုရောဂါကြောင့် အသက်ရှူမောကျပ်၍ သထုံခရိုင်ဆေးရုံကြီးသို့ တင်ပို့ကုသပေးခဲ့သော်လည်း သက်သာလာခြင်းမရှိဘဲ ဇူလိုင် ၁၉ ရက် မွန်းလွဲပိုင်းတွင် အဆိုပါ ရောဂါဖြင့် သေဆုံးသွားခဲ့ခြင်းဖြစ်ပြီး အကျဉ်းသား သေဆုံးမှုနှင့် ပတ်သက်၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မိသားစုဝင်များထံ ဆက်သွယ်အကြောင်းကြားခဲ့ရာ ၎င်း၏ညီမဖြစ်သူတစ်ဦးသာ လာရောက်၍ လမ်းခရီးအခက်အခဲကြောင့် ချက်ချင်းသင်္ဂြိုဟ်ပေးရန် အကူအညီတောင်းခံသည့်အတွက် ချက်ချင်းသင်္ဂြိုဟ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အကျဉ်းထောင်တွင် အိပ်ဆောင်အလိုက် အဆောင်မှူးများက နာမကျန်းဖျားနာသူများ ရှိ/မရှိ နေ့စဉ်မေးမြန်းလျက်ရှိပြီး အချိန်မီ အကျဉ်းထောင်ဆေးရုံသို့ တက်ရောက်ကုသပေးခြင်း၊ လိုအပ်ပါက ပြင်ပဆေးရုံကြီးများသို့ တင်ပို့ကုသပေးခြင်း၊ ပြင်ပအထူးကုဆရာဝန်များအား ပင့်ဖိတ်၍ ကုသပေးခြင်းများ ဆောင်ရွက်လျက်ရှိသည့်အတွက် Khit Thit Media ၏ ဖော်ပြမှုများသည် ပြည်သူအများ အထင်အမြင်လွဲမှားစေရန် မဟုတ်မမှန် လုပ်ကြံရေးသားထားခြင်းသာဖြစ်သည်။ **သစ္စာ**

# ငလျင်ဘေးအန္တရာယ်အသိပညာပေးဟောပြောပွဲနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းဆောင်ရွက်

**ခန္တီး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့တွင် ခရိုင်မီးသတ်ဦးစီးဌာနက ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ အသိပညာဗဟုသုတများရရှိလာစေရန်၊ ငလျင်ဘေးအန္တရာယ်ကြုံတွေ့လာပါက ဆောင်ရွက်ရမည့်အချက်များ သိရှိလာစေရန်နှင့် မိမိတို့ကိုယ်တိုင် ပါဝင်ကူညီဆောင်ရွက်တတ်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ငလျင်ဘေးအန္တရာယ် အသိပညာပေးဟောပြောပွဲနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့ နံနက် ၉ နာရီခွဲက အခြေခံပညာ အထက်တန်းကျောင်း(ဆင်သေ)၊ ယမုံနာခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ အခြေခံပညာ အထက်တန်းကျောင်း(ဆင်သေ)မှ ကျောင်းအုပ်ဆရာကြီး ဦးစောသီဟဝင်းက အဖွင့်အမှာစကားပြောကြားပြီး ခန္တီးမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဉာဏ်မြင့်က မိတ်ဆက်စကား ပြောကြားကာ ခန္တီးခရိုင် မီးသတ်ဦးစီးဌာန ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်သူက ဟောပြောပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခန္တီးခရိုင်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးအောင်ကိုလင်းက ငလျင်ဘေးအန္တရာယ်မဖြစ်ပေါ်ခင် ကြိုတင်ဆောင်ရွက်ထားသင့်သည်များ၊ ကျရောက်လာပါက ဆောင်ရွက်ရမည့်အချက်များ၊ ဘေးအန္တရာယ်ကျရောက်ပြီးနောက် ဆောင်ရွက်ရမည့်အချက်များနှင့်ပတ်သက်၍ အကျယ်တဝင့်ရှင်းလင်းပြောကြားရာ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၃၀၀ ဦးတို့က စိတ်ဝင်တစား နားထောင်ခဲ့ကြသည်။

ထို့နောက် မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများက ငလျင်ဘေးအန္တရာယ်ကြုံတွေ့လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းဆောင်ရွက်မှုများအား လက်တွေ့သရုပ်ပြသခဲ့ရာ ကျောင်းသား၊ ကျောင်းသူများက ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**(အောက်ပုံ)**

**မြို့နယ်(ပြန်/ဆက်)**






## 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Daniil Medvedev တက်ရောက်

**ဝါရှင်တန် ဇူလိုင် ၂၅**

အမေရိကန်နိုင်ငံတွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသားတင်းနစ်ပြိုင်ပွဲဖြစ်သည့် 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ ရုရှားတင်းနစ်ကစားသမား Daniil Medvedev တက်ရောက်ခဲ့သည်။

အဆိုပါ ရုရှားတင်းနစ်ကစားသမား Daniil Medvedev သည် 2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ တတိယအဆင့်တွင် တရုတ်တင်းနစ်ကစားသမား Yibing Wu အား ၆-၃၊ ၆-၂ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2025 Mubadala Citi DC Open တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် ရုရှားတင်းနစ်ကစားသမား Daniil Medvedev နှင့် ပြင်သစ်တင်းနစ်ကစားသမား Corentin Moutet တို့ ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

(ယာပုံ)

(NGB)



## ရိုဒရီအား စတာလင်ပေါင် သန်း ၁၀၀ဖြင့် ကမ်းလှမ်းရန် ရီးရဲလ်မက်ဒရစ်အသင်း စီစဉ်

**မက်ဒရစ် ဇူလိုင် ၂၅**

စပိန်လာလီဂါ ထိပ်သီးကလပ် ရီးရဲလ်မက်ဒရစ်အသင်းသည် မန်ချက်စတာစီးတီးအသင်း ကွင်းလယ်ကစားသမား ရိုဒရီအား စတာလင်ပေါင် သန်း ၁၀၀ ဖြင့် ကမ်းလှမ်းရန် စီစဉ်လျက်ရှိသည်။ **(အောက်ယာပုံ)**

အသက်(၂၉)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားသည် မန်ချက်စတာစီးတီးအသင်းနှင့်အတူ ၂၀၁၉-၂၀၂၀ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၂၆၅ ပွဲကစားပြီး ၂၆ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ရီးရဲလ်မက်ဒရစ်အသင်းက ကမ်းလှမ်းရန် စီစဉ်လာခြင်း ဖြစ်သည်။

မန်ချက်စတာစီးတီးအသင်းကလည်း ရိုဒရီအတွက် ရီးရဲလ်မက်ဒရစ်အသင်း၏ ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် ရီးရဲလ်မက်ဒရစ်အသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် မန်ချက်စတာစီးတီးအသင်းထံမှ ရိုဒရီအား ခေါ်ယူနိုင်မည်လားဆိုသည်မှာ စိတ်ဝင်စားဖွယ်စောင့်ကြည့်ရမည် ဖြစ်သည်။ (NGB)




## အက်သလက်တီကိုမက်ဒရစ်အသင်း ဒေးဗစ်ဟန့်စ်ကော့ကို ခေါ်ယူ

**မက်ဒရစ် ဇူလိုင် ၂၅**

စပိန်လာလီဂါထိပ်သီးကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ဖီယင်နုအသင်း နောက်ခံကစားသမား ဒေးဗစ်ဟန်စ်ကော့ကို ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ဖြင့် ခေါ်ယူခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၂၇)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အက်သလက်တီကိုမက်ဒရစ်အသင်းနှင့်အတူ ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုခဲ့သည်။

နောက်ခံကစားသမား ဒေးဗစ်ဟန်စ်ကော့သည် ဖီယင်နုအသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၁၄၀ကစားပြီး ၁၅ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အက်သလက်တီကိုမက်ဒရစ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ပုံ)**

အက်သလက်တီကိုမက်ဒရစ်အသင်းသည် လက်ရှိဈေးကွက်အတွင်းတွင် ကစားသမား ရှစ်ဦးအထိ ခေါ်ယူအားဖြည့်ထားပြီး ဖြစ်သည်။ (NGB)




## ဟိန်းထက်အောင်အား ရန်ကုန်ယူနိုက်တက်အသင်း တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူ

**ရန်ကုန် ဇူလိုင် ၂၅**

ရန်ကုန်ယူနိုက်တက်အသင်းသည် မြန်မာနေရှင်နယ်လိဂ် ၂၀၂၅-၂၀၂၆ ပြိုင်ပွဲနှင့် AFC Challenge League ပြိုင်ပွဲအတွက် ကစားသမား အင်အားဖြည့်တင်းမှုအဖြစ် မလေးရှားကလပ် Negeri Sembilan အသင်းမှ ဟိန်းထက်အောင်အား တစ်နှစ်စာချုပ်ဖြင့် ခေါ်ယူလိုက်ပြီ ဖြစ်သည်။

ဟိန်းထက်အောင်သည် ပရော်ဖက်ရှင်နယ် ကစားသမားဘဝစတင်သည့်အချိန်တွင် ဝတ်ဆင်ခဲ့သည့် ကျောနံပါတ်(၁၉)ကို ဝတ်ဆင်ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

ဟိန်းထက်အောင်က "ပထမဦးဆုံးအနေနဲ့ ကျွန်တော် ရန်ကုန်ယူနိုက်တက်အသင်းကို ရောက်ရှိလာတဲ့အတွက် ဝမ်းသာပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်း ဥက္ကဋ္ဌကိုယ်တိုင်က ရင်းရင်းနှီးနှီးနဲ့ ကြိုဆိုပေးတဲ့အတွက် ဝမ်းသာပီတိဖြစ်ရပါတယ်။ ရန်ကုန်ယူနိုက်တက်အသင်းအတွက် အကောင်းဆုံးကြိုးစားပြီး အသင်းဖော်တွေနဲ့အတူ ဆုဖလားတွေ ကိုင်မြှောက်နိုင်အောင် စွမ်းဆောင်ပေးသွားပါမယ်"ဟု ဆိုသည်။

**(အောက်ပုံ)** (NGB)




## အက်ရှ်လေယန်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် အစ်ဆွစ်ချ်အသင်းခေါ်ယူ

**လန်ဒန် ဇူလိုင် ၂၅**

အစ်ဆွစ်ချ်အသင်းသည် အဲဗာတန်အသင်း ဝါရင့်နောက်ခံကစားသမား အက်ရှ်လေယန်းကို အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူခဲ့ကြောင်းအတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အသက်(၄၀)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် ကစားသမားဘဝတစ်လျှောက်တွင် ဝက်ဖို့ဒ်၊ အက်စတွန်ဗီလာ၊ မန်ချက်စတာယူနိုက်တက်၊ အင်တာမီလန်၊ အဲဗာတန် စသည့် ကလပ်အသင်းများတွင် ကစားခဲ့ပြီး အတွေ့အကြုံရှိသည့် ဝါရင့်ကစားသမားတစ်ဦးဖြစ်သလို အသင်းကိုများစွာပံ့ပိုးကူညီပေးနိုင်လိမ့်မည်ဟု ယုံကြည်ခြင်းကြောင့် အစ်ဆွစ်ချ်အသင်းက ခေါ်ယူခဲ့ခြင်းဖြစ်သည်။ (NGB)

## ဂက်တီ ဂျူပင်တပ်အသင်းနှင့် သက်တမ်းတိုးစာချုပ် ချုပ်ဆို

**တူရင် ဇူလိုင် ၂၅**

ဂျူဗင်တပ်အသင်းသည် အသင်းနောက်ခံကစားသမား ဂက်တီအား ၂၀၃၀ပြည့်နှစ်အထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။

အဆိုပါ နောက်ခံကစားသမားသည် ဂျူဗင်တပ်အသင်းနှင့်အတူ ၂၀၂၂-၂၀၂၃မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၀၉ ပွဲ ကစားပြီး ခုနစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အသင်းက သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဂက်တီက "ကျွန်တော်အသင်းနဲ့ သက်တမ်းတိုးစာချုပ် ချုပ်ဆိုခဲ့ပါပြီ။ ဒီအသင်းနဲ့အတူ လာမယ့်ဘောလုံးရာသီသစ်မှာလည်း ဆုဖလားတွေ ရရှိအောင် အစွမ်းကုန်ကြိုးစားသွားမှာပါ။ ကစားသမားဘဝကိုလည်း ဒီအသင်းမှာပဲ ကုန်ဆုံးသွားလိုပါတယ်"ဟု ပြောသည်။

**(အောက်ပုံ)** (NGB)




## ခရစ္စတီယန်မော့စကယ်ယာ အာဆင်နယ်အသင်းတွင် ကျောနံပါတ်(၃)ဂျာစီကို ဝတ်ဆင်ကစားသွားမည်

**လန်ဒန် ဇူလိုင် ၂၅**

နောက်ခံကစားသမားသစ် ခရစ္စတီယန်မော့စကယ်ယာ အာဆင်နယ်အသင်းတွင် ကျောနံပါတ်(၃)ဂျာစီကို ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိဈေးကွက်အတွင်းတွင် ဗလင်စီယာအသင်းမှ အာဆင်နယ်အသင်းသို့ ယူရို ၁၅ သန်းဖြင့် ကာလရှည်စာချုပ်ချုပ်ဆိုကာ ပြောင်းရွှေ့ရောက်ရှိလာခြင်း ဖြစ်သည်။ **(ယာပုံ)**

နောက်ခံကစားသမား ခရစ္စတီယန်မော့စကယ်ယာသည် ဗလင်စီယာအသင်းနှင့်အတူ ၂၀၂၁-၂၀၂၂ မှ ၂၀၂၄-၂၀၂၅ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ပွဲပေါင်း ၉၀ ကစားပြီး တစ်ဂိုးသွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် အာဆင်နယ်အသင်းက ခေါ်ယူခဲ့ခြင်း ဖြစ်သည်။




အသက်(၂၁)နှစ်အရွယ်ရှိ ခရစ္စတီယန်မော့စကယ်ယာက "ကျွန်တော် အာဆင်နယ်အသင်းမှာ ကျောနံပါတ် (၃)ဂျာစီကို ဝတ်ဆင်ကစားသွားမှာပါ။ ပရီးမီးယားလိဂ်မှာ ကစားချင်တဲ့ ကျွန်တော့်ရဲ့ အိပ်မက်တွေလည်း ပြီးပြည့်စုံခဲ့ပါပြီ။ အာဆင်နယ်အသင်းလို ကြီးကျယ်ခမ်းနားတဲ့ အသင်းမှာ ကစားခွင့်ရမယ်ဆိုတော့လည်း အတိုင်းမသိ ပျော်ရွှင်မိပါတယ်"ဟု ပြောသည်။ (NGB)

### နိုင်ငံတကာ ကလပ်အသင်းများ၏ ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၆-၇-၂၀၂၅ စနေနေ့ | ညနေ ၆း၀၀ နာရီ | လီတာပူး(အင်္ဂလန်) - အေစီမီလန်(အီတလီ) |
| ။ | ည ၇း၃၀ နာရီ | ဘီလီဖီးလ်(ဂျာမနီ) - မိုနာကို(ပြင်သစ်) |
| ။ | ။ | ဝါဒါဘရီမင်(ဂျာမနီ) - ပါးမား(အီတလီ) |
| ။ | ည ၈း၀၀ နာရီ | လိုက်ပဇစ်(ဂျာမနီ) - တူးလော့(ပြင်သစ်) |
| ။ | ။ | စတုဂတ်(ဂျာမနီ) - ဆဲလ်တာဗီဂို(စပိန်) |
| ။ | ည ၈း၃၀ နာရီ | လူတန်တောင်း(အင်္ဂလန်) - စပါး(အင်္ဂလန်) |
| ။ | ။ | ဖူးလင်း(အင်္ဂလန်) - ချဲလ်ဆီး(အင်္ဂလန်) |
| ။ | ည ၉း၃၀ နာရီ | ဂျော်လ်ကာ(ဂျာမနီ) - ဆီဗီလာ(စပိန်) |
| ။ | ည ၁၀း၀၀ နာရီ | PSV (နယ်သာလန်) - ဘီလ်ဘာအို(စပိန်) |
| ၂၇-၇-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၀၀း၁၅ နာရီ | ကာဒစ်ဇ်(စပိန်) - ဂရန်နာဒါ(စပိန်) |
| ။ | နံနက် ၀၀း၃၀ နာရီ | ဂါလာတာစာရေး(တူရကီ) - စထရာဘိုး(ပြင်သစ်) |
| ။ | ။ | မာဆေး(ပြင်သစ်) - ဂျီရိုနာ(စပိန်) |
| ။ | ။ | ဘင်ဖီကာ(ပေါ်တူဂီ) - ဖီနာဘာချီ(တူရကီ) |
| ။ | ။ | ဖူလ်ဟမ်(အင်္ဂလန်) - နော့တင်ဟမ်(အင်္ဂလန်) |
| ။ | နံနက် ၀၅း၃၀ နာရီ | ဖရန့်ဖတ်(ဂျာမနီ) - ဗီလာ(အင်္ဂလန်) |

### ပရီးမီးယားလိဂ် နွေရာသီ စီးရီး ဘောလုံးခြေစမ်းပွဲစဉ်များ

နိုင်ကမ္ဘာ

| ယှဉ်ပြိုင်ရက် | အချိန် | ပွဲစဉ် |
|---|---|---|
| ၂၇-၇-၂၀၂၅ တနင်္ဂနွေနေ့ | နံနက် ၀၂း၃၀ နာရီ | အဲဗာတန် - ဘုန်းမောက် |
| ။ | နံနက် ၀၅း၃၀နာရီ | မန်ယူ - ဝက်စ်ဟမ်း |

# ကုန်ပစ္စည်းများ ဘေးကင်းလုံခြုံရေးနှင့် ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာဖော်ပြရေး စီးပွားရေးလုပ်ငန်းရှင်များအား တွေ့ဆုံဆွေးနွေး

**ပခုက္ကူ ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့နယ်အတွင်းရှိ ပြည်သူများ စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး အဆင်ပြေချောမွေ့စွာ ဝယ်ယူသုံးစွဲနိုင်ရေးရည်ရွယ်၍ ယမန်နေ့ နံနက် ၁၀ နာရီက ပခုက္ကူမြို့ပေါ်ရပ်ကွက်ရှိ စီးပွားရေးလုပ်ငန်းရှင်များအား ခရိုင်စားသုံးသူရေးရာဦးစီးဌာန ခရိုင်ဦးစီးမှူးရုံးခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် ပခုက္ကူခရိုင် စားသုံးသူရေးရာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝေဠုအောင်က စားသုံးသူကာကွယ်ရေးဥပဒေပါ စီးပွားရေးလုပ်ငန်းရှင်များ၏ တာဝန်များ၊ တိုက်ရိုက်ဝယ်ယူသုံးစွဲသူ ပြည်သူများ၏ အခွင့်အရေးနှင့် တာဝန်များ၊ အွန်လိုင်းစနစ်ဖြင့် ရောင်းချသည့် လုပ်ငန်းဆိုင်ရာ အမိန့်ကြော်ငြာစာများ၊ ကုန်ပစ္စည်းများ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရစေရေးနှင့် စားသုံးသူပြည်သူများ စိတ်ကြိုက်ရွေးချယ်ဝယ်ယူသုံးစွဲနိုင်စေရေး ကုန်အညွှန်းအမှတ်အသားများ ပြည့်စုံမှန်ကန်စွာ ဖော်ပြပါရှိရေး အကြောင်းတို့ကို အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များက လုပ်ငန်းအမျိုးအစားများအလိုက် ထုတ်လုပ်၍ လက်လီ၊ လက်ကားစနစ်ဖြင့် ဖြန့်ချိရောင်းချနေမှုများ၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုများအကြောင်းကို ပြန်လည်ဆွေးနွေးမှုများအပေါ် လက်ထောက်ညွှန်ကြားရေးမှူးက လိုအပ်သည်များ ဖြည့်စွက်မှာကြားပြီး ကုန်အညွှန်းအမှတ်အသားစိစစ်ခွင့်ပြုချက်ရရှိသော လုပ်ငန်းရှင်များအား ကုန်အမှတ်တံဆိပ်စိစစ်ခွင့်ပြုချက်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

(၃၄၀)





# မကွေးတိုင်းဒေသကြီး ၂၀၂၅ ခုနှစ် စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးကော်မတီ အစည်းအဝေး ကျင်းပ

**မကွေး ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး စာရင်းအင်းအချက်အလက် မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီ အစည်းအဝေးကို ယမန်နေ့ နံနက် ၉ နာရီခွဲက မကွေးတိုင်းဒေသကြီး မြို့နယ်စုပေါင်းရုံး၌ ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးအောင်ချိန်၊ ဗဟိုစာရင်းအင်းအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန်းစန်းနု၊ တာဝန်ရှိသူများ၊ မကွေးတိုင်းဒေသကြီး၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ဝန်ထမ်းများ အပါအဝင် စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြသည်။

ထို့နောက် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက အဖွင့်အမှာစကား ပြောကြားသည်။ ဆက်လက်၍ မကွေးတိုင်းဒေသကြီး စာရင်းအင်း အချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ကော်မတီအတွင်းရေးမှူးက အတွင်းရေးမှူးရုံးဖြစ်သော ဗဟိုစာရင်းအင်းအဖွဲ့၏ ဆောင်ရွက်ချက်များဖြစ်သည့် စားသုံးသူဈေးစံနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်း တွက်ချက်ထုတ်ပြန်နိုင်ရန်အတွက် ဈေးနှုန်းစာရင်းများ လစဉ်ကောက်ယူခြင်း၊ သုံးလတစ်ကြိမ် ထုတ်ပြန်သော လူမှုစီးပွားစာရင်းအင်းစာစောင်၊ နှစ်စဉ်ထုတ်ပြန်သော စာရင်းအင်းစာစောင်၊ သဘာဝဘေးအန္တရာယ်ကြောင့် ဖြစ်ပေါ်လာသည့် ပျက်စီးဆုံးရှုံးမှုစာရင်းများ ကောက်ယူစုစည်းခြင်း၊ စစ်တမ်းများ ကွင်းဆင်းကောက်ယူခြင်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြခဲ့ပြီး အစည်းအဝေးသို့ တက်ရောက်လာသည့် ဌာနဆိုင်ရာများက သိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသည် တိကျမှန်ကန်၍ အရည်အသွေးပြည့်ဝသော စာရင်းများ ရရှိခြင်းဖြင့် လက်တွေ့ကျသည့် စီမံကိန်းများနှင့် မူဝါဒများ မှန်ကန်စွာချမှတ်နိုင်ရန်၊ စာရင်းအင်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်အတွက် စာရင်းအင်းနှင့်သက်ဆိုင်သော အစိုးရ၊ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများအားလုံးမှ ပူးပေါင်းညှိနှိုင်းဆောင်ရွက်မှုများ ပိုမိုအားကောင်းပြီး တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများအား သိရှိစေရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**မောင်နိုင်မင်း(မြန်/ဆက်)**

၀-၀-၀-၀-၀-၀

# ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**မိုင်းယန်း ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းယန်းခရိုင်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ချရန် ရည်ရွယ်၍ မိုင်းလွေကျေးရွာအုပ်စု၊ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ရှိသူများက ဇူလိုင် ၂၂ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးရန်ကျော်၊ မိုင်းယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်လင်းထွန်းနှင့် ခရိုင်၊ မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားမှုများနှင့် လအလိုက် ဖြည့်သွင်းရသည့် စာရင်းဇယားများ ပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားခဲ့သည်။

အဆိုပါ ရှဲကျင်ပုံလုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ယခုဘဏ္ဍာရေးနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ရှစ်ဦးကို ငွေကျပ်သိန်း ၂၀၀၊ စုစုပေါင်း အသင်းသား၊ အသင်းသူရှစ်ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၂၀၀ ထုတ်ချေးထားကြောင်း မိုင်းယန်းခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူးက ပြောသည်။

(၀၄၀)

၀-၀-၀-၀-၀-၀



# ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲအခမ်းအနား ကျင်းပ

**ဆီဆိုင် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သော ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဆီဆိုင်မြို့နယ်၊ ဘန်းယဉ်ကျေးရွာအုပ်စု စိုက်ပျိုးရေးခြံရှိခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်ကျော်ရန်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်ကြင်က ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများထောက်ပံ့ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စိုက်ပျိုးရေးဦးစီးဌာန ဒေသဦးစီးမှူး ဒေါ်သက်သက်အေး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် ဒေသခံတောင်သူများအား ဓာတ်မြေဩဇာနှင့် မျိုးစေ့ချကိရိယာများကို အသီးသီးပေးအပ်ခဲ့ကြသည်။ **(အပေါ်ပုံ)**

အဆိုပါ ရှမ်းပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့ပေးအပ်သည့် ပုလဲမြေဩဇာအိတ် ၁၀၀၊ ကွန်ပေါင်းမြေဩဇာအိတ် ၁၀၀၊ သဘာဝဓာတ်မြေဩဇာ ၂၀၈ အိတ်နှင့် မျိုးစေ့ချကိရိယာငါးခုတို့ကို ဆီဆိုင်မြို့နယ်အတွင်းရှိ နောင်မွန်ကျေးရွာအုပ်စု၊ ဘန်းယဉ်ကျေးရွာအုပ်စုနှင့် ပါလောပါကယ်ကျေးရွာအုပ်စုတို့မှ ဒေသခံတောင်သူများအား ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(မြန်/ဆက်)**

၀-၀-၀-၀-၀

# နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား UID ကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**မြစ်သား ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် အလွယ်တကူဖြစ်စေရေးအတွက် နံပါတ်ဆယ်လုံးပါ UID ကတ်များကို နေ့ချင်းပြီး လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံး ဝန်ထမ်းများက ဇူလိုင် ၂၄ ရက် နံနက် ၉ နာရီက မြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

အဆိုပါ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားများအား ပင်စင်ထုတ်ယူရာတွင် အလွယ်တကူဖြစ်စေရေးအတွက် နံပါတ်ဆယ်လုံးပါ UID ကတ်များကို နေ့ချင်းပြီးကွင်းဆင်းဆောင်ရွက်နေမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြစ်သားမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်သန်း၊ လက်ထောက်မြို့နယ်မှူး ဦးထွန်းနိုင်ဦးနှင့် မြန်မာ့စီးပွားရေးဘဏ်ခွဲမှ မြို့နယ်မန်နေဂျာ ဦးအောင်မင်းနှင့်အတူ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းမင်းထွန်း(မြန်/ဆက်)**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ ။

## မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား (၁၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့



**မန္တလေး ဇူလိုင် ၂၅**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများအား ယခုဘဏ္ဍာရေးနှစ်အတွင်း (၁၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များ ထောက်ပံ့ခြင်းကို ယနေ့ နံနက်ပိုင်းက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံး (၆)ထပ်ဆောင်အောက် မြေညီထပ်တွင် ပြုလုပ်ခဲ့သည်။

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဘက်စုံခြံမှ ထုတ်ကုန်များဖြစ်သော ဟင်းသီးဟင်းရွက်များကို ကော်မတီ၏ လမ်းညွှန်မှုများအတိုင်း ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် ထောက်ပံ့ပေးခြင်းဖြစ်ပြီး ရာသီအလိုက် သီးနှံများကို စိုက်ပျိုး၍ ခူးဆွတ် ပေးဝေလျက်ရှိရာ ဆက်လက် ဖြန့်ဝေနိုင်ရန် သီးနှံများပျိုး ထောင်ထားရှိကြောင်း စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန တာဝန်ရှိသူထံမှ သိရသည်။

(၁၀)ကြိမ်မြောက် ဟင်းသီးဟင်းရွက်များကို ထောက်ပံ့ပေးအပ်ရာ ကန်စွန်းရွက် ၃၀၀ စည်း၊ ခရမ်းသီး(၂၂၄)ထုပ်၊ ဖရုံညွန့် (၁၈၀)စည်း၊ ငရုတ်သီး ၂၀ ထုပ်၊ ဘူးသီး ၆၀လုံး၊ ရွှေဖရုံသီး ၁၂လုံး၊ ရုံးပတီသီး ၄၀ ထုပ်၊ ချဉ်ပေါင် ၅၀စည်း၊ သဘော်သီးစိမ်း ၃၂လုံးတို့ကို ဈေးနှင့်သားသတ်ဌာနရှိ ဝန်ထမ်း ၇၁ဦး၊ ဘဏ္ဍာရေးဌာနရှိ ဝန်ထမ်း ၆၉ဦး၊ အခွန်ဌာနရှိ ဝန်ထမ်း ၉၆ဦး၊ လမ်းတံတားဌာနရှိဝန်ထမ်း ၁၂၈ဦး၊ စိုက်ပျိုးရေး နှင့်မွေးမြူရေးဌာနရှိ ဝန်ထမ်း ၄၅ဦးတို့အား ဟင်းသီးဟင်းရွက်များကို စိုက်ပျိုးရေးနှင့် မွေးမြူရေးဌာန ဌာနမှူး ဦးကျော်ဇာနည်လွင်နှင့် တာဝန်ရှိသူများက အချိုးကျခွဲဝေထောက်ပံ့ပေးအပ်ကြရာ သက်ဆိုင်ရာဌာနမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၃)**



## ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ကြိုတင်ပြင်ဆင်မှုအား ကြည့်ရှုစစ်ဆေး

**မြစ်သား ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ်တွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကောင်းမြတ်နိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမင်းအောင်နှင့် အဖွဲ့ဝင်များသည် ယမန်နေ့ မွန်းလွဲပိုင်းက မြို့နယ်မီးသတ်စခန်းတွင် ဝိဖာမုန်တိုင်းကြောင့် ရေကြီးနစ်မြုပ်မှုများ ကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးပစ္စည်းများနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားသည့် ရှာဖွေကယ်ဆယ်ရေးပစ္စည်းများကို ကြည့်ရှုစစ်ဆေးရာတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအား လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် လူ၊ ယာဉ်၊ စက်၊ ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းကိရိယာများ အသင့်စုဖွဲ့ထားရှိမှုအား စစ်ဆေးကြည့်ရှုခဲ့ကြောင်း သိရသည်။

**(အပေါ်ပုံ)**

**ဝင်းမင်းထွန်း(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရန် အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်း ဆောင်ရွက်

**တောင်ကြီး ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ တောင်ကြီးတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ဇူလိုင် ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲက သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စွန့်ပစ်ပစ္စည်းများ စနစ်တကျခွဲခြားစွန့်ပစ်ရေး အသိပညာပေးဟောပြောခြင်းနှင့် သရုပ်ပြသခြင်း အခမ်းအနားကျင်းပသည်။ **(ယာပုံ)**

ရှေးဦးစွာ တောင်ကြီးတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်နေမျိုးက အဖွင့်အမှာစကားပြောကြားရာတွင် ကျောင်းသား၊ ကျောင်းသူများမှ အများပြည်သူနှင့်သက်ဆိုင်သည့် လုပ်ငန်းများကို တစ်ဖက်တစ်လမ်းက ပါဝင်ကူညီဆောင်ရွက်ကြရန်၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်ပတ်သက်သည့် ဗဟုသုတများကို လေ့လာမှတ်သားပြီး အများပြည်သူသိရှိအောင် ပြန်လည်မျှဝေပေးရန် ပြောကြားခဲ့သည်။ ဆက်လက်၍ ရှမ်းပြည်နယ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးလမင်းသန်းက ပတ်ဝန်းကျင် ညစ်ညမ်းမှုအား ကာကွယ်ပြီး သယံဇာတအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ရန်၊ အန္တရာယ်ကင်းသော စွန့်ပစ်မှုဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ စွန့်ပစ်ပစ္စည်းများမှ ပြန်လည်အသုံးပြုနိုင်သော အရာများအား ခွဲထုတ်နိုင်ခြင်း၊ သဘာဝအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်ခြင်း၊ စွန့်ပစ်ပမာဏ လျှော့ချပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုအား လျှော့ကျစေနိုင်ခြင်း၊ အမှိုက်စိုများမှ သဘာဝမြေဆွေးပြုလုပ်ပြီး စွန့်ပစ်ပလတ်စတစ် ပစ္စည်းများအား အခြားအသုံးဝင်သော ပစ္စည်းများအဖြစ် ပြန်လည် ပြုပြင်ထုတ်လုပ်သုံးစွဲခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ဖန်တီးပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားပြီး မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးသိန်းဝင်းက စွန့်ပစ်အမှိုက်ခွဲခြား စွန့်ပစ်မှုနှင့်ပတ်သက်၍ ပါဝါပွိုင့်ဖြင့် ရှင်းလင်းပြသခဲ့သည်။



ထို့နောက် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိနှင့်ဝန်ထမ်းများက အမှိုက်အမျိုးအစားအလိုက် စွန့်ပစ်ရမည့် အမျိုးအစားလေးမျိုးကို သရုပ်ပြသခဲ့ရာ တောင်ကြီးတက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများက လက်တွေ့ပါဝင်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀

## ကျန်းမာရေးအသိပညာပေးဟောပြောခြင်းနှင့် ကျန်းမာရေးစစ်ဆေးခြင်းများဆောင်ရွက်

**မြစ်သား ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မြစ်သားမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုကျန်းမာရေး အသိပညာပေးဟောပြောခြင်းနှင့် ကျောင်းသား၊ ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းကို ယမန်နေ့နံနက်ပိုင်းက ကြံတောအခြေခံပညာမူလတန်းကျောင်းနှင့် မြို့မအနောက်အခြေခံပညာမူလတန်းကျောင်းတို့တွင် စစ်ဆေးဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုဆောင်ရွက်ရာတွင် မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ အမျိုးသမီးကျန်းမာရေးဆရာမများက ကျောင်းသား၊ ကျောင်းသူများ ကျန်းမာပျော်ရွှင်စွာ စာသင်ကြားနိုင်ရေးအတွက် တစ်ကိုယ်ရေကျန်းမာရေးစစ်ဆေးခြင်း၊ သံဓာတ်အားဆေး တိုက်ကျွေးခြင်း၊ လက်ဆေးခြင်း၊ သွားနှင့်ခံတွင်းကျန်းမာရေးနည်းစနစ်မှန်သွားတိုက်ခြင်း၊ သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲရန်နှင့် မိုးတွင်းကာလ ကလေးငယ်များတွင် ဖြစ်ပွားသည့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးနည်းများအကြောင်းကို ရှင်းလင်းဟောပြောခဲ့သည်။ ထို့နောက် ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအခြေပြု သန်ချဆေးတိုက်ကျွေးခြင်း၊ သောက်ရေအိုးများတွင် ရေသန့်ဆေးခတ်ခြင်းများနှင့် ကျောင်းသား၊ ကျောင်းသူများအားလုံး တစ်ဦးချင်းကျန်းမာရေးစစ်ဆေးပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာန တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဝါဝါမြင့် (မြစ်သား)**



## သပြေသာ-ပင်တလည်-ပတ္တာ ကျေးရွာချင်းဆက်လမ်းအား ကျောက်ရောမြေခင်းပေး

**ကျောက်ဆည် ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသထွက်ကုန်များနှင့် ထုတ်ကုန်လုပ်ငန်းများ အချိန်တိုအတွင်း ကုန်ကျစရိတ် သက်သာစွာဖြင့် သယ်ယူနိုင်ပြီး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် လမ်းတံတားများ ရာသီမရွေးသွားလာနိုင်ရေး နှစ်စဉ်အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်မြို့နယ်၊ သပြေသာ-ပင်တလည်-ပတ္တာကျေးရွာချင်းဆက်လမ်းအား ကျောက်ရောမြေခင်းပေးပြီး အဆင့်မြှင့်တင်ပေးလျက်ရှိသည်။

အဆိုပါကျောက်ရော မြေခင်းပေးခြင်းလုပ်ငန်းများကို မန္တလေးတိုင်းဒေသကြီး(ငွေလုံးငွေရင်း)ခွင့်ပြုရန်ပုံ ငွေကျပ် ၈၇ ဒသမ ၂၃ သန်းဖြင့် လမ်းအရှည် ၁ မိုင် ၆ ဖာလုံ၊ ထု ၈ လက်မနှင့် အကျယ် ၁၆ ပေဖြစ်ကြောင်းနှင့် လမ်းရေရှည်တည်တံ့ခိုင်မြဲရေး ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက အနီးကပ်ကွင်းဆင်းစစ်ဆေး ဆောင်ရွက်လျက်ရှိသည်။ **(အောက်ဝဲပုံ)**

ကျောက်ဆည်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေး ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ကျောက်ဆည်ခရိုင် အတွင်း၌ လမ်းလုပ်ငန်း(၁၆)ခုနှင့် တံတားလုပ်ငန်းသုံးခု၊ စုစုပေါင်း ၁၉ ခု ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၃၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံရှိ ကျေးရွာအားလုံး၏ ၈၀ ရာခိုင်နှုန်းနှင့် နိုင်ငံအတွင်းရှိလူဦးရေ ၉၀ ရာခိုင်နှုန်း ရာသီမရွေးသွားလာနိုင်သည့် ကျေးလက်လမ်းများအဖြစ် အသုံးပြုနိုင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**(၄၈၅)**

# သက်ရှည်ကျန်းမာ နုပျိုနေဆဲဖြစ်သည့် မန္တလေးက မြို့မတူရိယာအသင်း

သက်တမ်း နှစ်(၁၀၀) ဆိုသည်မှာ အဘိုးကြီးအို ခါးကုန်းကုန်း အရွယ်ရောက်ပြီ ဖြစ်သည်။ အင်အားချည့်နဲ့စွာနှင့် ဖရိုဖရဲ ယိမ်းယိုင်သော နှစ်ကာလဖြစ်ချိန်အထိ ကျန်းမာရွှင်လန်း နုပျိုလန်းဆန်းပြီး ဂီတပန်းများဖြင့် ယနေ့တိုင် တည်တံ့လျက်ရှိနေသည်မှာ မန္တလေးက မြို့မအပျော်တမ်းတူရိယာအသင်း၊ တစ်နည်းအားဖြင့် မြို့မအသင်းကြီးပင် ဖြစ်သည်။

မြို့မဆိုသော အမည်လေးက ချစ်စရာကောင်းသကဲ့သို့ ကြာသပတေးနံနှစ်ခုဖြစ်နေပြီး စာလုံးဒီဇိုင်း(Logo)မှာ လွန်ခဲ့သော နှစ် ၁၀၀ က ဖြစ်သော်လည်း ယနေ့တိုင် ခေတ်မီလှပနေဆဲရှိသည်မှာ ထူးခြားသည်ဟု ဆိုနိုင်သကဲ့သို့ မြို့မအသင်း စတင်ဖြစ်တည်လာပုံက ပို၍ ထူးခြားသည်ဟု ဆိုချင်သည့်အကြောင်းမှာ မန္တလေးမြို့၏ ဘာသာရေး၊ သာသနာရေး ဓလေ့များနှင့် ပတ်သက်နေပါသည်။



လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့် (၁၉၂၅)ခုနှစ်က မြို့မအပျော်တမ်းတူရိယာအသင်း ပေါ်ပေါက်လာခဲ့သည်ဖြစ်၍ ၂၀၂၅ ခုနှစ်သည် နှစ် ၁၀၀ ပြည့်မြောက်ပြီ ဖြစ်သည်။ အသင်းဖြစ်တည်ခဲ့သော နေ့ရက်မှာ သတ်သတ်မှတ်မှတ် မရှိခဲ့သည်ကို စိတ်မကောင်းဖြစ်မိသည်။ ထိုအချိန်က အလှူပွဲများ၊ ဆွမ်းလောင်းပွဲများတွင် ဝါသနာရှင်များ စုပေါင်းပြီး ကုသိုလ်ဖြစ် လိုက်ပါတီးမှုတ်ဖျော်ဖြေခဲ့ကြသဖြင့် အပျော်တမ်းတူရိယာအသင်းဟု အမည်ပေးထားခြင်းဖြစ်သည်။ ထိုခေတ်၊ ထိုအချိန်က မင်္ဂလာဆောင်ပွဲများတွင် ဖျော်ဖြေမှုများ မရှိသေးသော ကာလလည်း ဖြစ်သည်။

ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၏ သုတေသနစာတမ်းတွင် မြို့မဖြစ်တည်လာပုံကို လေ့လာတင်ပြထားသည်မှာ မန္တလေးမြို့၊ လမ်း၈၀၊ တရုတ်တန်းရပ်တွင် ဦးဘသက်၊ ဦးထွေး၊ ဦးလှကျော်၊ မြို့မငြိမ်းတို့က တရုတ်တန်းဝိုင်းကလေးဟူသော အမည်ဖြင့် ဝါသနာရှင်များ စုစည်းကာ ဂီတဝိုင်းတစ်ခု ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

၁၉၂၅ ခုနှစ်ဝန်းကျင်တွင် ထိုအုပ်စုထဲမှ ကိုကြီးအုန်း၊ ကိုကြီးငွေ၊ ကိုသန့်(ဒါးတန်းဦးသန့်)၊ ကိုဘညိမ်း(မြို့မငြိမ်း)၊ ကိုလှဝင်းနှင့် ကိုမြသိန်းတို့က ဗုဒ္ဓဝေယျာဝစ္စရတနာပုံ(ရတနာပုံဗုဒ္ဓဝေယျာဝစ္စ)အသင်းဟု အမည်ပေးကာ ပါဝင်သူ ၁၁ ဦးဖြင့် ဖွဲ့စည်းသည်ဟု သိရသည်။ ထိုအမည်မှ နေပြည်တော်ဟု အမည်ပြောင်းခဲ့သော်လည်း ထိုအမည်သည် ကြီးမြတ်လွန်းသည်ဟု ဆိုကာ ကိုဘညိမ်း(မြို့မငြိမ်း)က မြို့မဟူသော အမည်ကို အကြံပြုတင်ပြရာက အားလုံးက သဘောတူလက်ခံခဲ့ကြသည်။ ထိုမှစ၍ ယနေ့တိုင် မြို့မဟူသောအမည်ဖြင့် အတည်တကျ ကမ္ပည်းတွင်ခဲ့သည်ဟု ဆိုပါသည်။

မြို့မဖွဲ့စည်းစဉ်ကအသင်း၏ ရည်ရွယ်ချက်လေးခုမှာ မြန်မာသီချင်းကြီးများကို ဆည်းပူးပြန့်ပွားရေး၊ ကမ္ဘာသုံးတူရိယာများ သင်ကြားတတ်မြောက်ရေး၊ ကမ္ဘာသုံးဂီတသင်္ကေတဖြင့် ရေးသားသော တူရိယာများကို လေ့လာရေး၊ ရှေးမြန်မာသီချင်းကြီးများကို ကျွမ်းကျင်သူများနှင့် ညှိနှိုင်း၍ ကမ္ဘာသုံးဂီတသင်္ကေတဖြင့် ကူးပြောင်းလေ့လာတီးခတ်ရေးတို့ ဖြစ်သည်။

အသင်းကိစ္စရပ်များ စုစည်းတိုင်ပင်ကြရန် ဆိုင်းတန်းရပ်မှ ကိုမြသိန်းအိမ်ကို အသင်းတိုက်သဖွယ် သတ်မှတ်အသုံးပြုကာ သီချင်းတိုက်ကြ၊ ဆိုကြ၊ တီးကြသည်။ တူရိယာပစ္စည်းများမှာ ကြိုးတပ်တူရိယာများ ဖြစ်သည်။ ခေတ်ကာလအလျောက် ကြိုးတပ်တူရိယာများဖြင့် သီဆိုတီးမှုတ်ကြသည်ကို ဆိုင်းတန်းရပ်ကွက်တွင် ဖွင့်လှစ်သည့် အပေါင်ဆိုင်ပိုင်ရှင် ဦးတောလုံက လေမှုတ်တူရိယာများဖြင့် တီးမှုတ်နိုင်ရန် ကုန်ကျစရိတ်အဖြစ် ငွေကျပ် ၁၀၀၀ မ,တည် ကူညီပေးခဲ့သည်။ ထိုခေတ်က ငွေကျပ် ၁၀၀၀ သည် ရွှေတစ်ကျပ်သား ပေါက်ဈေး ငွေကျပ် ၈၀ ခန့်သာ ရှိသဖြင့် လွန်စွာ တန်ဖိုးကြီးမားသည်ဟု ဆိုရမည်။ ဦးတောလုံ၏ ကူညီမှုဖြင့် ကြိုးတပ်တူရိယာများအပြင် လေမှုတ်တူရိယာများ ပါဝင်လာရာ မြိုင်မြိုင်ဆိုင်ဆိုင် သံစုံတီးဝိုင်း မြို့မဖြစ်လာခဲ့သည်။

ဦးတောလုံသည် လေမှုတ်တူရိယာများဖြစ်သည့် ဆိုက်ဆိုဖုန်း (Saxophone၊ ကလာရီနက်၊ (Clarinet) ထရမ်းပက် (Trumpet)စသည့် ပစ္စည်းများတိုးချဲ့နိုင်ခဲ့ပြီး မြို့မဆိုသော စာလုံးဒီဇိုင်းမှာ ပန်းချီဆရာကြီး ဦးဘသက်၏ လက်ရာဖြစ်သည်။ ထိုအချိန် ၁၉၂၅ ခုနှစ်မှစ၍ မြို့မတူရိယာအသင်းကို စည်းမျဉ်း၊စည်းကမ်းများဖြင့် ဖွဲ့စည်းခဲ့သည်ဟု ဆိုပါသည်။

မြို့မဖြစ်ပေါ်လာပုံနှင့် နှစ် ၁၀၀ ပြည့် အကြောင်းအရင်းကို မြို့မအပျော်တမ်းတူရိယာ အသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ ယခုကဲ့သို့ ပြောကြားခဲ့သည်။ မြို့ရဲ့ အလယ်ခေါင်မှာ မြို့နေလူထုက 'မ'ပြီး ပေါ်ပေါက်လာတာဖြစ်လို့ မန္တလေး 'မြို့မအပျော်တမ်းတူရိယာ'အသင်းလို့ အမည်ပေးခဲ့သည်။ အပျော်တမ်း တူရိယာအသင်းဟု ဆိုလိုခြင်းမှာ တီးမှုတ်သူအားလုံးသည် ခံစားခွင့် တစ်စုံတစ်ရာမရှိဘဲ ဝါသနာနှင့် အပျော်တမ်းဖြစ်သောကြောင့်ဟု ဆိုပါသည်။ ၁၉၂၈ ခုနှစ်တွင် စတင်သန္ဓေတည်ပြီး သုံးနှစ်အကြာတွင် မြို့မအသင်း၏ ဖွဲ့စည်းပုံတွင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ ဘဏ္ဍာရေးမှူး၊ ဝိုင်းအုပ်(တီးဝိုင်းအုပ်ချုပ်သူ)၊ ပစ္စည်းထိန်း စသည့် တာဝန်များ ခွဲဝေခဲ့သည်။ ယနေ့အထိ ထိုဖွဲ့စည်းတာဝန်ပေးအပ်သည့် ပုံစံအတိုင်း ဆက်လက်ကျင့်သုံးနေဆဲဖြစ်သည်ဟု ဆိုပါသည်။

'၁၉၂၅ ပတ်ဝန်းကျင်မှာ မြို့မရဲ့ တည်ထောင်သူတွေဖြစ်တဲ့ မြို့မငြိမ်း၊ ဒါးတန်းဦးသန့်၊ ပန်းချီဆရာကြီး ဦးဘသက်၊ ဇာဝတီသဘောာစာရေးကြီး ဦးမြသိန်း သူတို့တစ်တွေက အပျော်တမ်းတေးဂီတအဖြစ် စောင်း၊ ဗျပ်စောင်း၊တယောတွေနဲ့ စုပြီး တီးကြတယ်။ အလှူတွေ၊ ဆွမ်းကြီးလောင်းပွဲတွေ၊ ဝါဆိုပန်းကပ်ပွဲတွေမှာ အခမဲ့လိုက်ပြီး ဖျော်ဖြေကြတယ်။ ဘုရားပွဲ၊ အလှူပွဲတွေမှာ တီးကြလို့ ရတနာပုံဗုဒ္ဓဝေယျာဝစ္စအသင်းလို့ နာမည်ပေးတာ။ ကိုမြသိန်းတို့အိမ်မှာ တီးကြမှုတ်ကြတာပေါ့။ အဲ့ဒီနားက ဦးတောလုံက သူများနိုင်ငံတွေမှာလို လေမှုတ်တူရိယာနဲ့ တီးကြမှုတ်ကြဆိုပြီး ငွေကျပ် ၁၀၀၀ ထုတ်ပေးတယ်။ နန်းတော်ရှေ့ ဆရာတင်ရေးတဲ့ သီချင်းထဲမှာ ဦးတောလုံ ဥက္ကဋ္ဌ ဆိုပြီး စပ်ဆိုထားတယ်။ မြို့မရဲ့ ပထမဆုံးဥက္ကဋ္ဌက ဦးတောလုံပဲ။ ဒီလို တီးကြမှုတ်ကြရင်း ရတနာပုံဗုဒ္ဓဝေယျာဝစ္စအသင်းနာမည်ကနေ သူ့ထက်ကောင်းတဲ့ နာမည်ရွေးကြတော့ ၁၉၂၈ မှာ မန္တလေးမြို့မအပျော်တမ်းတူရိယာအသင်းလို့ ဆရာ မြို့မငြိမ်းက နာမည်ပေးခဲ့တယ်လို့' မြို့မအပျော်တမ်းတူရိယာအသင်းဥက္ကဋ္ဌ ဒေါက်တာလှခိုင်က ပြောသည်။



၁၉၇၅ ခုနှစ်တွင် မြို့မအသင်း ရွှေရတုအထိမ်းအမှတ်အဖြစ် မန္တလေးပန်တျာ လဟာပြင်ဇာတ်ရုံတွင် ကျင်းပခဲ့ရာ ရန်ကုန်မှ ရုပ်ရှင်မင်းသား (ဦး)ဝင်းဦးနှင့် အပေါင်းအသင်းများ၊ လူရွှင်တော်ကြီးများဖြစ်သည့် (ဦး)စံမတူ၊ (ဦး)ပလာတာ၊ (ဦး)သော်တာ၊ (ဦး)ရွှေရိုးတို့နှင့် မိုးကုတ်မြို့မအသင်းတို့က လာရောက်ပြီး ကူညီပေးကြသည်။ ၂၀၀၀ ပြည့်နှစ်တွင် စိန်ရတုပွဲတော်ကို မန္တလေး အမျိုးသားဇာတ်ရုံတွင် ရန်ကုန်၊ မန္တလေး ဂီတနယ်ပယ်အသီးသီးနှင့်အတူ မြို့သူ၊ မြို့သားများ ပါဝင်ပြီး ခမ်းနားစွာ ကျင်းပခဲ့သည်။ ရွှေရတု၊ စိန်ရတုပွဲတော်ကျင်းပရန် သတ်မှတ်ရေတွက်ခဲ့သည့် ၁၉၂၅ ခုနှစ်ကို အတည်ပြု၍ ယခု ၂၀၂၅ ခုနှစ်တွင် မြို့မအသင်း၏ နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်ပွဲကို ခမ်းနားစွာ ကျင်းပမည်ဖြစ်ရာ ရက်အားဖြင့် နိုဝင်ဘာ၊ ဒီဇင်ဘာလအတွင်း ခန့်မှန်းထားသည်။

မြို့မဟု ဆိုလျှင် သင်္ကြန်သီချင်းများနှင့် တူယှဉ်တွဲလျက် သိကြသည်။ မြန်မာနှစ်ကူးသင်္ကြန်ရေကစားပွဲတော်တွင် နိုင်ငံနှင့်အဝန်း မြို့မတေးသီချင်းများက နှစ်စဉ်နှစ်တိုင်း စိုးမိုးလျက်ရှိသည်။ မြို့မနှင့် ဝင်းဦး(ရုပ်ရှင်မင်းသားနှင့် အဆိုတော်) မြို့မနှင့်ဇော်ဝမ်း (ရုပ်ရှင်မင်းသားဇော်ဝမ်းနှင့် အဆိုတော်)တို့သည်လည်း မြို့မနှင့် တူယှဉ်တွဲခဲ့ကြသဖြင့် သင်္ကြန်မင်းသားများဟု အသိအမှတ်ပြုထားကြသည်။ သင်္ကြန်ရောက်လျှင် မြို့မသင်္ကေတငွေငန်းကြီးက ပျံဝဲလာလေ့ရှိသဖြင့် မြို့မနှင့် သင်္ကြန်သည် ခွဲခြားမရဟု အသိအမှတ်ပြုကြလေသည်။

အသင်းအဖွဲ့တစ်ခု နှစ်ကာလကြာရှည် တည်တံ့ရန်မှာ လွန်စွာခက်ခဲသည်။ သို့သော်လည်း မြို့မတူရိယာအသင်းကြီးသည် နှစ် ၁၀၀ တိုင် အပျိုရည်မပျက် နုပျိုနေခြင်းမှာ ဖွဲ့စည်းပုံနှင့် တေးသီချင်းများ၏ ဂန္ထဝင်မြောက်မှုကြောင့် ဖြစ်သည်။ မြို့မအသင်းဖွဲ့စည်းပုံမှာ မြို့မိ၊ မြို့ဖ နာယကအဖွဲ့ ရှိသည်။ နာယကအဖွဲ့အောက်တွင် အလုပ်အမှုဆောင်အဖွဲ့ ရှိသည်။ သူ့အောက်တွင် အသင်းသူ၊ အသင်းသားများ ရှိသည်။ လုပ်ငန်းဆောင်ရွက်ရာတွင် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ကြသဖြင့် ဥမကွဲ သိုက်မပျက် စည်းလုံးလျက်ရှိသည်။

ထို့အပြင် မြို့မအသင်း၏ တေးရေးဆရာများဖြစ်သည့် မြို့မငြိမ်း၊ နန်းတော်ရှေ့ ဆရာတင်၊ ဦးဘသိန်း၊ ဆရာ ဦးဝင်းဖေ၊ မြို့မ ဆရာပေါ်တို့ရဲ့ တေးသီချင်းများသည် ဂန္ထဝင်မြောက်တေးသီချင်းများဖြစ်သကဲ့သို့ ယနေ့တိုင် ခေတ်မီနေဆဲ၊ လူတိုင်းပါးစပ်ဖျားနှင့် ဂီတနားထဲတွင် သာယာချိုမြိန်ရှိနေဆဲဖြစ်သည့်အတွက် နှစ် ၁၀၀ ပြည့်သည့်တိုင် နုပျိုလန်းဆန်း၍ ရှင်သန်နေဆဲ ဖြစ်သည်။ မြို့မအသင်းသည်လည်း ခိုင်မာတည်ရှိနေဆဲဟု ဆိုချင်ပါတော့သည်။

ခိုင်ဆက်ဝေ



## နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID Biometric Data များ ကွင်းဆင်းကောက်ယူ ဆောင်ရွက်

**အောင်လံ ဇူလိုင် ၂၅**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များအား UID Biometric Data များ ကွင်းဆင်းကောက်ယူခြင်း လုပ်ငန်းကို ဇူလိုင် ၂၄ ရက် နံနက် ၁၀ နာရီက အောင်လံမြို့ မြန်မာ့စီးပွားရေးဘဏ်၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ၊ မြန်မာ့စီးပွားရေးဘဏ်မှဝန်ထမ်းများ ပူးပေါင်း၍ အငြိမ်းစားဝန်ထမ်းများအား UID Biometric Data များ ကွင်းဆင်းကောက်ယူခဲ့ရာ ၄၉၁ ဦး ကောက်ယူပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**အာကာ(ပြန်/ဆက်)**

(အပေါ်ပုံ)

၀-၀-၀-၀-၀-၀-၀

## ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေး ဟောပြော

**တမူး ဇူလိုင် ၂၅**

စစ်ကိုင်းတိုင်းဒေသကြီး၊ တမူးခရိုင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနတွင် ဇူလိုင် ၂၃ ရက် နံနက် ၁၁ နာရီက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပသည်။

(အောက်ပုံ)

ဟောပြောပွဲတွင် တမူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်မာမာဝင်းက ကလေးအလုပ်သမား ပပျောက်ရေးဆိုင်ရာ အသိပညာပေးဟောပြောခဲ့သည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများ၊ ကျောင်းသားမိဘများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးနံရံကပ်စာစောင်များကို စိတ်ဝင်တစားလေ့လာကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ဖတ်စရာ၊ မှတ်စရာ စုံလင်

### ဆင်ခြင်ပွားများ ကုသိုလ်အား

\- - - - - - - - - - - - - - - -

* မိမိစိတ်တွင်<br>
ဒါနထင်<br>
ကျိုးလျှင်ချမ်းသာ ဘဝများစွာ ။

* မိမိစိတ်တွင်<br>
မေတ္တာဝင်<br>
များလျှင်ကင်းကွာ ဘေးရောဂါ ။

* မိမိဘဝင်<br>
သရဏဂုံတင်<br>
ကျိုးလျှင်တွန်းအား ကောင်းဘုံများ ။

* မိမိစိတ်ဟန်<br>
ဘာဝနာသန်<br>
ကျိုးမှန်မုချ ဗုဒ္ဓအဆုံးအမ ။

* မကောင်းစိတ်ထား<br>
ပေါ်တုံပြား<br>
ပယ်အား ရပ်တန့် သတိကန့် ။

* မိမိပိုင်ဆိုင်<br>
စိတ်မယိုင်<br>
နိုင်တည်စိတ်ထား ကောင်းမှုပွား ။ ။

ရွှေချမ်း-မန်း

## ရုံးစာရေးသားနည်းသင်တန်း ဖွင့်လှစ်သင်ကြား

**လှိုင်ကော် ဇူလိုင် ၂၅**

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကယားပြည်နယ်အတွင်းရှိ ဝန်ထမ်းများ တစ်ဦးချင်း အရည်အသွေးများ တိုးတက်စေရေးနှင့် ဝန်ထမ်းစွမ်းဆောင်ရည်မြင့်မားလာစေရန် ရည်ရွယ်၍ ရုံးစာရေးသားနည်းသင်တန်း (၁/ ၂၀၂၅) ဖွင့်ပွဲကို ဇူလိုင် ၂၂ ရက် နံနက် ၉ နာရီခွဲတွင် လှိုင်ကော်ခရိုင်ရုံး လူထုအခြေပြုဗဟိုဌာန (Community Centre) ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ကယားပြည်နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က ဝန်ထမ်းများအနေဖြင့် မိမိဌာနလုပ်ငန်းများကို စနစ်တကျ စည်းကမ်းရှိရှိလုပ်ဆောင်နိုင်ရေး၊ လုပ်ငန်းများကို အမှန်တကယ် ကျွမ်းကျင်တတ်မြောက်စေရေးအတွက် လေ့ကျင့်သင်ကြားပေးရခြင်းနှင့် ဝန်ထမ်းများအားလုံး စဉ်ဆက်မပြတ်လေ့လာသင်ယူမှုများ ဆောင်ရွက်ရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဒုတိယညွှန်ကြားရေးမှူး ဒေါ်နန်းမေစုအောင်က သင်တန်းတွင် ပို့ချဆွေးနွေးမည့် ဘာသာရပ်များနှင့် သင်တန်းစည်းကမ်းများအား ရှင်းလင်းဆွေးနွေးပြီး သင်တန်းနည်းပြများဖြစ်သည့် ညွှန်ကြားရေးမှူး၊ ဒုတိယညွှန်ကြားရေးမှူးနှင့် လှိုင်ကော်ခရိုင် လက်ထောက်ညွှန်ကြားရေးမှူးတို့က ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထုတ်ဝေသည့် ရုံးလုပ်ငန်း လက်စွဲစာအုပ်ပါ အကြောင်းအရာများကို ဆွေးနွေးပို့ချကြသည်။

အဆိုပါသင်တန်းသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကယားပြည်နယ်အတွင်းရှိ အရာထမ်း၊ အမှုထမ်း ၁၈ ဦး တက်ရောက်ကြပြီး သင်တန်းကို ဇူလိုင် ၂၂ ရက်မှ ၂၄ ရက်အထိ စာတွေ့၊ လက်တွေ့ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

၀-၀-၀-၀-၀-၀-၀




## ကျောင်းသား၊ ကျောင်းသူများအား သင်ထောက်ကူပစ္စည်းများ ထောက်ပံ့လှူဒါန်း

**မန္တလေး ဇူလိုင် ၂၅**

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၂) ရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးဆောင်၍ ရပ်မိ၊ ရပ်ဖများ၊ ရပ်ကွက်နေပြည်သူများ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများမှ အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် အမှတ်(၃) အခြေခံပညာမူလတန်းကျောင်းများရှိ ကျောင်းသား၊ ကျောင်းသူ ၄၉၆ ဦးတို့အား ကျောင်းသုံးစာရေးကိရိယာများ (ဒုတိယအကြိမ်) ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက အ·လ·ကခွဲ(၂)ကျောင်း၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မဟာမြိုင်(၂) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးအောင်က အဖွင့်အမှာစကား ပြောကြားပြီး မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးထွန်းထွန်းဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌဒေါ်ဇင်မာထွန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ဇနီးတို့က ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ငွေကျပ် တစ်သိန်းနှုန်းဖြင့် အ·လ·ကခွဲ(၂)၊ အ·မ·က(၃)ကျောင်းအုပ်ဆရာမကြီး နှစ်ဦးအတွက် ငွေကျပ် နှစ်သိန်း၊ ငွေကျပ် ၅သောင်းနှုန်းဖြင့် ဆရာ၊ ဆရာမ ၂၂ ဦးအတွက် ၁၁ သိန်း၊ ကျောင်းသား၊ ကျောင်းသူ ၄၉၆ ဦးတို့အား သင်ထောက်ကူပစ္စည်းများဖြစ်သည့် စာအုပ်၊ ခဲတံ၊ ဘောလ်ပင်၊ ကွန်ပါဘူး၊ ကျောပိုးအိတ်များကို ထောက်ပံ့ပေးအပ်ခဲ့သည်။



(အပေါ်ပုံ)

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် သင်ထောက်ကူပစ္စည်းများ ထောက်ပံ့လှူဒါန်းပွဲ အခမ်းအနားသို့ မဟာအောင်မြေမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးထွန်းထွန်းဝင်း၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ဇင်မာထွန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ဇနီး အ·လ·က ခွဲ(၂)၊ အ·မ·က(၃)ကျောင်းမှ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ရပ်မိ၊ ရပ်ဖများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

(၀၅၆)

## ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ ကျင်းပ



**နိုလမ် ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ နိုလမ်မြို့၊ အ·မ·က(နောင်ပိန်) ကျောင်း၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၂၂ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်းတွင် ကျင်းပခဲ့သည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ခဲ့ပြီး ဆရာတော် ဘဒ္ဒန္တ ဝိမလနှင့် ဆရာတော်၊သံဃာတော်များက ဩဝါဒသကန်တော့ချီး၊ ငါးပါးသီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ဖတ်ပေးခဲ့သည်။

ထို့နောက် တက်ရောက်လာသော ဆရာ၊ ဆရာမများ၊ မြို့မိ၊ မြို့ဖများက ဝါဆိုသင်္ကန်းများနှင့် အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါ ဝါဆိုသင်္ကန်းကပ်လှူဒါန်းပွဲသို့ ကြွရောက်လာသော ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ကြပြီး တက်ရောက်လာသော ဧည့်သည်များအား နေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မြို့နယ်(ပြန်/ဆက်)

## မဟာမြိုင်(၁)ရပ်ကွက် ဘုံဆွမ်းလောင်းအသင်း (၃၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်(၁)ရပ်ကွက် ပြည်သူများဘုံဆွမ်းလောင်းအသင်း၏ (၃၁)ကြိမ်မြောက် ဘုံဆွမ်းလောင်းလှူပွဲကို ဝါခေါင်လဆန်း ၁ ရက် နံနက် ၅နာရီခွဲက သီပွဲလမ်းနှင့် ၆၈လမ်းထောင့်တွင် ကျင်းပသည်။

ဘုံဆွမ်းလောင်းလှူရာတွင် လေပြင်လေးရပ်မှ သံဃာတော်နှင့် သာမဏေ အပါး ၃၅၀ကျော်တို့အား ဆွမ်း၊ ဝက်သားဟင်း၊ ပဲနပ်၊ သရက်ချဉ်သုပ်၊ ဆပ်ပြာမှုန့်ထုပ်နှင့် သံဃာတော်နှင့် သာမဏေ တစ်ပါးလျှင် နဝကမ္မဝတ္ထုငွေကျပ် ၁၀၀၀ စီကို လောင်းလှူကြပြီး သင်္ကန်း ခုနစ်စုံကို စာရေးတံမဲဖောက်၍ ဘုံဆွမ်းလောင်းအသင်း တည်ထောင်သူ ဦးနေမင်းဦး+ဒေါ်ယုယုဇော်(ပီတိသုခ မိသားစု)၊ ကိုမျိုးဝင်း+မအိအိချော(ကောင်းထက်မဟာမိသားစု၊ ကာဗာတိုင်းပြည်)မိသားစုများ၊ ဦးရုံးရွှေ+ဒေါ်မိုးသန္တာအောင်(ရွှေသစ်ပင်ဟိုတယ်)မိသားစုများ၊ ဦးအောင်သန်းလှိုင်+ဒေါ်နန်းနီနီဝင်း မိသားစု၊ ဦးမြင့်လွင်+ဒေါ်ခင်ချိုဝင်း မိသားစု၊ ဦးသိန်းတန်နှင့် သားသမီးမြေးတစ်စု၊ ဦးရိမ်ပါထိုင်+ဒေါ်သွယ်သွယ်လှတို့အား ရည်စူး၍ ဦးပြည့်စုံကိုကိုနှင့် ညီအစ်ကို မောင်နှမတစ်စု၊ ရပ်ကွက်နေပြည်သူများနှင့် ဘုံဆွမ်းလောင်းအသင်းသား၊ အသင်းသူများက လောင်းလှူခဲ့ကြသည်။

အဆိုပါ ဘုံဆွမ်းလောင်းအသင်းသည် လစဉ် မြန်မာလဆန်း ၁ ရက်နေ့တွင် သီပွဲလမ်းနှင့် ၆၈ လမ်းထောင့်တွင်လည်းကောင်း၊ လစဉ် လပြည့်နေ့များတွင် ၃၅ လမ်းနှင့် ၆၉လမ်းထောင့်တွင် လည်းကောင်း ဘုံဆွမ်းလောင်းလှူလျက်ရှိကြောင်း သိရသည်။

(အောက်ပုံ)

(၀၄၀)



## (၁၂)ကြိမ်မြောက် စုပေါင်းဘုံဆွမ်းလောင်းလှူ

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ လမ်း၈၀ပေါ်ရှိ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်း ဂေါပကအဖွဲ့က ဦးစီး၍ မန္တလေးမြို့၊ ကချင်ပြည်နယ် သာရေးနာရေးအသင်းက (၁၂)ကြိမ်မြောက် (တတိယပတ်) စုပေါင်းဘုံဆွမ်းလောင်းလှူပွဲကို ယနေ့ နံနက် ၆ နာရီက ကျင်းပသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူပွဲတွင် မဟာဝိသုဒ္ဓါရုံတိုက်သစ်မှ သံဃာတော် အပါး ၂၅၀ တို့အား ပင့်ဖိတ်၍ ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းဂေါပက အဖွဲ့နှင့် မန္တလေးမြို့ ကချင်ပြည်နယ် သာရေးနာရေးအသင်း တာဝန်ရှိသူများက ဆွမ်း၊ ဆွမ်းဟင်းများ၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လောင်းလှူကြကြောင်း သိရသည်။

(အောက်ပုံ)(၀၉၃)



## ပင်းတယမြို့ပေါ်၌ သံဃာအပါး ၃၈၈ ပါးအား အရုဏ်ဆွမ်းလောင်းလှူ

**ပင်းတယ ဇူလိုင် ၂၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့ မြို့နယ်မဏ္ဍာရုံကြီး၏ ဆွမ်းလောင်းလှူရန်ဌာန၌ ယမန်နေ့ နံနက် အရုဏ်တက်ချိန်က သံဃာတော်အပါး ၃၈၈ ပါးအား အရုဏ်ဆွမ်းတော်လောင်းလှူပွဲ ကျင်းပခဲ့သည်။

အဆိုပါ သံဃာတော်များအား ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူနိုင်ရန် မြို့နယ်ဝါတွင်းကာလ အဖိတ်နေ့သံဃာ့ဒါနဆွမ်းလောင်းအသင်းဥက္ကဋ္ဌ ဦးကျော်သူရနှင့် အသင်းသား၊ အသင်းသူ များ ဝေယျာဝစ္စ ပြု၍ ဆောင်ရွက်ပေးမှုများဖြင့် ဆွမ်းအလှူရှင် ပင်းတယမြို့ ဆင်ခေါင်းရပ်ကွက်နေ ဦးအောင်ကျော်ဇနီး ဒေါ်ခင်သန်းဆင့်(အောင်အောင်ဖြိုး ကွမ်းရွက်၊ ကွမ်းသီးရောင်းဝယ်ရေး)နှင့် အင်းပလက်ကျေးရွာနေ ဦးကျော်ထွန်းမင်း(ခ)ဦးဖိုးထောင်၊ ဇနီး ဒေါ်မေသန်း မိသားစုတို့က ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းလှူခဲ့ကြောင်း သိရသည်။

(၃၃၈)

*-*-*-*-*-*



## သီလရှင်ဆရာလေးများအား အပတ်စဉ် ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်နိုင်ရန် လှူဒါန်း

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ် မဟာသကျသီဟဘုရားဝင်း အတွင်း၌ မဟာဗောဓိဝေယျာဝစ္စအဖွဲ့မှ သီလရှင်ဆရာလေးများအား အပတ်စဉ် အဝေးဖိတ်၊ အနီးဖိတ်တို့တွင် ဆွမ်း၊ ဆွမ်းဟင်းများ ဆက်ကပ်လှူဒါန်းရာသို့ အလှူငွေပေးအပ်လှူဒါန်းခြင်းကို ယမန်နေ့ နံနက်ပိုင်းက ကျင်းပသည်။

ရှေးဦးစွာ အလှူရှင် ရန်ကုန်မြို့၊ မြောက်ဒဂုံနေ ဦးအောင်သန်း (မြန်မာစာဌာနမှူး) မိသားစု ကွယ်လွန်သူ မိဘများနှင့်ဇနီး မြန်မာစာဌာနမှူး ဆရာမ ဒေါ်သန်းသန်းအေးအား ရည်စူး၍ ဇူလိုင်မှ ဒီဇင်ဘာအထိ တစ်လလျှင် ငွေကျပ် တစ်သိန်းနှုန်းဖြင့် ခြောက်လအတွက် ငွေကျပ်ခြောက်သိန်းကို လှူဒါန်းရာ အလှူရှင် မိသားစုကိုယ်စား ဦးမောင်ထွေး(နေဒွန်ဝမ်းစတား တာယာရောင်းဝယ်ရေး)က ပေးအပ်လှူဒါန်းခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

(၀၅၃)

*-*-*-*-*-*

## ငလျင်ဒဏ်ကြောင့် သမိုင်းဝင်ရှင်ဘို့မယ်ဘုရားစေတီတော်နှင့် သာသနိကအဆောက်အအုံများပျက်စီး၍ ပြုပြင်ရန် ငွေများလှူဒါန်း

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ ၂၉လမ်းနှင့် လမ်း၃၀ကြား၊ ၈၃လမ်းနှင့် ၈၄လမ်းကြားရှိ သက္ကရာဇ် ၇၉၂ခုနှစ်တွင် မိဖုရားကြီး စောဘို့မယ် တည်ထားကိုးကွယ်ခဲ့သော ရှင်ဘို့မယ်ဘုရားသည် မတ်၂၈ ရက်က လှုပ်ခတ်ခဲ့သောငလျင်ဒဏ်ကြောင့် စေတီတော်နှင့်တကွ သာသနိကအဆောက်အအုံများစွာ ပျက်စီးခဲ့ရသည်။

ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရှင်ဘို့မယ်ဘုရား သာသနိကအဆောက်အအုံများအား ရှင်ဘို့မယ်ဘုရား ဂေါပကအဖွဲ့မှ ဦးစီး၍ ရှင်ဘို့မယ်စေတီတော်ကြီးနှင့် သာသနိကအဆောက်အအုံများအား ရှေးမူမပျက် ပြန်လည်ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ရှင်ဘို့မယ်ဘုရားဘက်စုံ ပြန်လည်ပြုပြင်ရေးအတွက် ဇူလိုင် ၂၂ရက်က ချမ်းအေးသာစံမြို့နယ်၊ ၈၄လမ်း၊ ၂၉လမ်းနှင့် လမ်း၃၀ကြားနေ ဦးစိုင်းမောင်လေး+ဒေါ်အိအိလှိုင်နွယ် မိသားစုက ငွေကျပ် သိန်း ၅၀ ကိုလည်းကောင်း၊ အင်ဂျင်နီယာ ဦးခင်+ဒေါ်ကြင်မေ၊ (သမီး)ဒေါ်ယဉ်ယဉ်မှ ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ အမေရိကန်နိုင်ငံနေ ဦးကောက်စိန် + ဒေါ်ဆွေဆွေ မိသားစုက ငွေကျပ် ငါးသိန်းကိုလည်းကောင်း၊ ဦးကျော်ဝင်း+ဒေါ်ကြည်နွေး မိသားစုက ငွေကျပ် ငါးသိန်းကိုလည်းကောင်း လာရောက်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၀၄၅)



## ဇီဝိတဒါနသာသနာ့ဆေးရုံကြီးသို့ ဆေးပဒေသာပင် လှူဒါန်း

**မန္တလေး ဇူလိုင် ၂၅**

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ ၆၂လမ်း၊ ဒေါနဘွားရပ်ကွက်ရှိ မင်းကွန်းတိပိဋကဓရဆရာတော်ကြီး တည်ထောင်ဖွင့်လှစ်တော်မူခဲ့သည့် ဇီဝိတဒါနသာသနာ့အထူးကုဆေးရုံကြီးသို့ အလှူရှင် မန္တလေးမြို့၊ ရွှေနန်းတော်အိမ်ရာ၊ အိမ်အမှတ်(E 5)နေ ဦးမြကြွယ်မိသားစုက ဆေးပဒေသာပင်အလှူငွေကျပ် ငါးသိန်းကို ဇူလိုင် ၂၂ ရက် နံနက်ပိုင်းက ၆၂လမ်းနှင့်၁၅လမ်းထိပ်ရှိ ဆေးရုံအလှူခံဌာနတွင် လာရောက်လှူဒါန်းရာ ရုံးအုပ်ကြီး ဦးစိုးမြင့်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားကာ အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

(အပေါ်ပုံ)

ဇီဝိတဒါနသာသနာ့ အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်၊ ဆွမ်းပဒေသာပင်နှင့် အခြားဘက်စုံအလှူငွေများ လှူဒါန်းလိုပါက ဆေးရုံအလှူခံဌာန ဖုန်း ၀၉-၄၅၈၈၈၄၄၈၁၊ ၀၉-၈၉၂၉၅၃၀၈၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၁)

*-*-*-*-*-*-*

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြှင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျုံးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တစ်ရပ် ကျင်းပနိုင်ရေးသည် မိမိတို့၏ အန္တိမ ရည်မှန်းချက်ပင်ဖြစ်...

❖ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများအနေဖြင့် ရွေးကောက်ပွဲနှင့် သက်ဆိုင်သည့် ဥပဒေများကို စေ့စပ်ကျယ်ပြန့်စွာ လေ့လာထားရန်လို...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့တွင်ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

# ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

## ဒီဂျစ်တယ်နည်းလမ်းဖြင့် တိုးတက်မှုကိုလျင်မြန်စွာကျော်ဖြတ်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုးတက်နိုင်စေသည့်အဓိကအချက်တစ်ခုဖြစ်




နေပြည်တော် ဇူလိုင် ၂၅

ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၅)ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၃) စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညီလာခံခန်းမ၌ကျင်းပရာ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီနာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး တက်ရောက်အမှာစကား ပြောကြားသည်။

ဦးစွာ ကော်မတီနာယကက ဒီဂျစ်တယ်စီးပွားရေး (Digital Economy) သည် ယခုအခါတွင် ကမ္ဘာ့ GDP ၏ အနည်းဆုံး ၁၅ ရာခိုင်နှုန်းကို ပံ့ပိုးပေးနေပြီဖြစ်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ၂၅ ရာခိုင်နှုန်းကျော်အထိ တိုးတက်လာနိုင်သည်ဟု World Economic Forum မှ ခန့်မှန်းထားကြောင်း၊ ဒီဂျစ်တယ်နည်းလမ်းဖြင့် တိုးတက်မှုကိုလျင်မြန်စွာကျော်ဖြတ်နိုင်ခြင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် တိုးတက်နိုင်စေသည့် အဓိကအချက်တစ်ခုဖြစ်သည်ဆိုသည့်အချက်မှာ မငြင်းသာကြောင်း။

မြန်မာနိုင်ငံတွင် နိုင်ငံတော်အဆင့် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ (Digital Economy Development Committee-DEDC) ကို ဖွဲ့စည်းထားပြီး DEDC ကော်မတီအနေဖြင့် "မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀"ကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင်ထုတ်ပြန်ထားပြီးဖြစ်ကြောင်း၊ အဆိုပါလမ်းပြမြေပုံသည် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားကြရမည့် ကိစ္စရပ်များအတွက် မဟာဗျူဟာမျှော်မှန်းချက်တစ်ရပ်၊ မဟာဗျူဟာ ရည်မှန်းချက်တစ်ရပ်၊ အဓိကရည်ရွယ်ချက်ခြောက်ရပ်၊ ဦးစားပေးကဏ္ဍကြီးကိုးခု၊ မဟာဗျူဟာမဏ္ဍိုင်ကိုးခု၊ မဟာဗျူဟာပန်းတိုင် ၂၂ ခု၊ လုပ်ငန်းစဉ် ၇၇ ခု တို့ကို ၂၀၃၀ ပြည့်နှစ်အထိ ရည်မှန်း၍ ဖွဲ့စည်းရေးဆွဲထားခြင်းဖြစ်ကြောင်း။

လက်ရှိတွင် အဆိုပါလုပ်ငန်းစဉ် ၇၇ ခုအနက် DEDC ၏သက်ဆိုင်ရာ လုပ်ငန်းကော်မတီ(Working Committees)များအနေဖြင့် ၎င်းတို့နှင့် သက်ဆိုင်သော လုပ်ငန်းစဉ်များကို သက်ဆိုင်ရာကာလတို၊ ကာလလတ်၊ ကာလရှည် အချိန်ဇယားများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြမည်ဟုယုံကြည်ပါကြောင်း၊ DEDC အဖွဲ့ဝင်များအားလုံး အနေဖြင့် ကျရာကဏ္ဍစုံမှ တက်ညီလက်ညီဖြင့် အောင်မြင်အောင် ဝိုင်းဝန်းဆောင်ရွက်ပေးခြင်းသည် မိမိကော်မတီ၏ လုပ်ငန်းပြီးမြောက်ခြင်းအကျိုးအတွက်သာမက အမိမြန်မာနိုင်ငံတော်အတွက် ဒီဂျစ်တယ်စီးပွားရေး အနာဂတ်တစ်ခုကို ဖန်တီးနိုင်စေရန် အရေးပါဆုံးသောအချက်ဖြစ်ကြောင်း၊ ထို့ကြောင့် ယနေ့အစည်းအဝေးတွင်သက်ဆိုင်ရာကော်မတီများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ပွင့်လင်းစွာတင်ပြပေးကြရန်နှင့် အဖွဲ့ဝင်တစ်ဦးချင်းစီ၏ တာဝန်ယူမှု၊ တာဝန်သိစိတ်ဖြင့် လုပ်ငန်းအောင်မြင်အောင် ဆောင်ရွက်မှုများဖြင့် မြန်မာနိုင်ငံ၏ ဒီဂျစ်တယ်စီးပွားရေးအနာဂတ်ကို ပိုမိုကောင်းမွန်အောင် ပုံဖော်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက Living Document အဖြစ် အတည်ပြုထုတ်ပြန်ထားပြီးဖြစ်သည့် မြန်မာဒီဂျစ်တယ်စီးပွားရေးလမ်းပြမြေပုံ ၂၀၃၀ ပါ လုပ်ငန်းရပ်များကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများအနေဖြင့် သတ်မှတ်ကာလများအလိုက် အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းကော်မတီများအလိုက် လက်ရှိဆောင်ရွက်နေမှုအခြေအနေ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပေါင်းစပ်ညှိနှိုင်းပေးစေလိုသည့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

ယင်းနောက် ဒီဂျစ်တယ်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီ အောက်ရှိ လုပ်ငန်းကော်မတီငါးခုတို့မှ တာဝန်ရှိသူများက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များ အပေါ်ဆောင်ရွက်ပြီးစီးမှု၊ လက်ရှိအကောင်အထည်ဖော် ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ရှေ့ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေကိုလည်းကောင်း၊ တက်ရောက်လာကြသူများက ဒီဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရန်အတွက် ဆောင်ရွက်နေမှုအခြေအနေများကိုလည်းကောင်း သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ DEDC ကော်မတီနာယကက ဖြည့်စွက်ဆွေးနွေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ၂၀၂၅ -၂၀၂၆ မြန်မာနေရှင်နယ်လိဂ် -၂ ပြိုင်ပွဲအကြို Referee Workshop (5/2025) ပြုလုပ်



**ရန်ကုန် ဇူလိုင် ၂၅**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်၊ မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပမည့် Myanmar National League II 2025-2026 အမှတ်ပေးဘောလုံးပြိုင်ပွဲ အဆင်ပြေချောမွေ့စွာ ကျင်းပပြုလုပ်နိုင်ရန်နှင့် ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ၊ နည်းပြအဖွဲ့ဝင်နှင့် ကစားသမားများ ဘောလုံးဥပဒေများကို ပိုမိုလေ့လာသိရှိနိုင်စေရန်အတွက် Referee Workshop (5/2025) ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏ ဘောလုံးကွင်းရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါ Referee Workshop (5/2025)တွင် မြန်မာနေရှင်နယ်လိဂ်အမှုဆောင်အရာရှိချုပ် ဦးစိုးမိုးကျော်က အဖွင့်အမှာစကားပြောကြား၍ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ကော်မတီဥက္ကဋ္ဌ ဦးလှတင့်နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒိုင်ဌာန ဒါရိုက်တာ ဦးလှမင်းတို့က ၂၀၂၅ ဇူလိုင် ၁ ရက်မှ စတင်၍ တစ်ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲကျင့်သုံးလျက်ရှိသည့် ဘောလုံးဥပဒေသစ်များအား ပရိုဂျက်တာဖြင့် အသေးစိတ်ရှင်းလင်းပြောကြားခဲ့သည်။ (ဓာတ်ပုံ)

ဘောလုံးရာသီသစ်တစ်ခု မစတင်မီ ပုံမှန်ပြုလုပ်နေကျဖြစ်သည့် Referee Workshop တွင် Myanmar National League II 2025-2026 ပြိုင်ပွဲဝင် ကလပ်အသင်းများမှ အသင်းအုပ်ချုပ်သူများ၊ နည်းပြချုပ်များ၊ အသင်းခေါင်းဆောင်များ၊ ဂိုးသမားများနှင့် ကစားသမားများ တက်ရောက်ကြပြီး ဥပဒေသစ်များနှင့် ပတ်သက်၍ မရှင်းလင်းသည့်အချက်များအား မေးမြန်းဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြသည်။

Myanmar National League II 2025-2026 ပြိုင်ပွဲအား ပြိုင်ပွဲဝင် ရှစ်သင်းဖြင့် ဩဂုတ်လ ၃ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။

(NGB)